မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၃ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၄၃)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Pehin Datu Inderasugara Brig°-°Gen (B) Dato Paduka Haji Mohd Yusuf bin Abu Bakar သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး **H.E. Pehin Datu Inderasugara Brig°-°Gen (B) Dato Paduka Haji Mohd Yusuf bin Abu Bakar** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၃ ရက်)

မြို့ပြသန့်ရှင်းသာယာရေး စည်းကမ်းတကျ ပြုမူနေထိုင်

မြို့ပြနေပြည်သူများ စည်းကမ်းတကျပြုမူနေထိုင်ခြင်းသည် မြို့ပြသန့်ရှင်းသာယာရေးအတွက် များစွာ အထောက်အကူဖြစ်စေသည်။

မြို့ပြများ၊ ရပ်ကွက်ကျေးရွာများတွင်လည်းကောင်း၊ ခရီးသည်တင်ယာဉ်များပေါ်တွင်လည်းကောင်း အမှိုက်မပစ်ရ၊ ကွမ်းတံတွေးမထွေးရ၊ ဆေးလိပ်မသောက်ရဟူသော စာတန်းများကို တွေ့ရသည်။

သို့သော်လည်း အမှိုက်ပစ်ချသူ၊ ကွမ်းတံတွေးထွေးသူ၊ ဆေးလိပ်သောက်သူအချို့ ရှိနေဆဲဖြစ်သည်။ ယာဉ်များပေါ်တွင် ဆေးလိပ်မသောက်ရဟု တားမြစ်ထားသော်လည်း ဆေးလိပ်သောက်သူများကို တွေ့နေရသည်။ ဆေးလိပ်သောက်ခြင်းသည် သောက်သုံးသူအတွက်သာမက ပတ်ဝန်းကျင်ရှိ ဆေးလိပ်ငွေ့ ရှူရှိုက်မိသူများကိုပါ ရောဂါရရှိစေသည်။

မြို့ပြနေသူများအနက် အချို့သည် အမှိုက်သရိုက် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း၊ ရေဘုံပိုင်များဖွင့်ထား၍ ရေများအလဟဿ ဆုံးရှုံးစေခြင်း၊ လူသွားလမ်းများ၊ စင်္ကြံများအပေါ် ကျူးကျော်၍ ကိုယ်ကျိုးအတွက် အသုံးပြုခြင်း၊ အလှစိုက်ထားသော သစ်ပင်ပန်းပင်များအား ခုတ်လှဲခြင်း၊ ဘတ်စ်ကားများပေါ်မှ အမှိုက်များပစ်ချခြင်း၊ လမ်းပေါ်သို့ ကွမ်းတံတွေးများ ထွေးချခြင်းတို့သည် မြို့ပြ၏ သန့်ရှင်းသာယာလှပမှုကို အကျည်းတန် အရုပ်ဆိုးစေသည်။

ယခုအခါ အချို့မြို့ပြဒေသများတွင် အမှိုက်ကင်းမဲ့ဇုန်၊ ဆေးလိပ်ကင်းမဲ့ဇုန်များ သတ်မှတ်ကာ မြို့ပြသန့်ရှင်းသာယာရေးအတွက် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။ အမှိုက်စွန့်ပစ်ရန် နေရာများ၊ ဆေးလိပ်သောက်နိုင်သောနေရာများကို စနစ်တကျ သတ်မှတ်ပေးထားသည်။

မြို့ပြနေပြည်သူများတွင် အချို့သည် စည်းကမ်းမဲ့စွာ အမှိုက်ပစ်ခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို ပြုလုပ်နေကြသော်လည်း အများစုကမူ အမှိုက်ကိုစွန့်ပစ်မည့်နေရာသို့တိုင် သိမ်းဆည်းယူဆောင်သွားခြင်း၊ လူအများနှင့် ဝေးကွာသောနေရာများ(သို့မဟုတ်) သတ်မှတ်ထားသောနေရာများတွင်သာ ဆေးလိပ်သောက်ခြင်းတို့ကို ပြုလုပ်ကြသည်ကို တွေ့မြင်ရသည်။

စည်းကမ်းမဲ့သူအချို့၏ ချွတ်ယွင်းအားနည်းမှုကြောင့် မြို့ပြ၏ပတ်ဝန်းကျင် သန့်ရှင်းရေးကို ပျက်ယွင်းစေသည်။ မြို့ပြစည်းကမ်းနှင့်အညီ စနစ်တကျ နေထိုင်ကြရေးအတွက် ပြည်သူအချင်းချင်း စည်းရုံးထိန်းသိမ်းသွားကြရမည် ဖြစ်သကဲ့သို့ စည်းကမ်းလိုက်နာသူများကိုလည်း အတုယူသင့်လှပေသည်။ ထို့ပြင် စည်းကမ်းချိုးဖောက်သူများကိုလည်း ထိရောက်စွာ အရေးယူသင့်ပေသည်။

သို့မှသာ မြို့တိုင်းသန့်ရှင်း ရောဂါကင်းပြီး သာယာလှပသောမြို့ပြများ တိုးတက်ပေါ်ထွန်းလာမည်ဖြစ်သဖြင့် လူတိုင်းလူတိုင်းက မြို့ပြသန့်ရှင်းသာယာလှပရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စည်းကမ်းများကို လိုက်နာစောင့်ထိန်း ပြုမူနေထိုင်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

သီတဂူဧရာအလှူတော် တရားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂

စစ်ကိုင်းတောင်ရိုးတွင် တရားများအားထုတ်လျက် ကိန်းအောင်းမွေ့လျော်တော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်၊ သူတော်စင်တို့အတွက် လိုအပ်သော ရေစီမံကိန်းအလို့ငှာ သီတဂူဧရာအလှူတော်တရားပွဲကို သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် မဟာမဏ္ဍိမာရုံကျောင်းရှိ ရွှေဥရတနာရွှေကျောင်းတော်တွင်ကျင်းပမည်ဖြစ်ရာ ဇွန် ၉ရက်တွင် အရှင်ဒေဝိန္ဒာဘိဝံသ (သာမဏေကျော်၊ သကျသီဟ၊ ဓမ္မာစရိယ)၊ ဇွန် ၁၀ရက်တွင် အရှင်ဉာဏိဿရ (D.Litt, Ph.D)၊ ဇွန် ၁၁ ရက်တွင် အရှင်တေဇိန္ဒ (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ ဇွန်၁၂ရက်တွင် အရှင်ဣန္ဒာစရိယ (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)တို့က တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

ရေအလှူတော်အတွက် သီးသန့်ပါဝင် ကုသိုလ်ယူလိုသူများအတွက်လည်း ဖုန်း-၀၉-၉၉-၂၂၁၀၅၊ ၀၉-၅၁-၅၆၇၄၄၊ ၀၉-၅၀-၁၆၆၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ တာမွေမြို့နယ် ဗညားဒလလမ်း အမှတ် ၃၄၅နေ ဦးဘစိန်အား ရည်စူး၍ ဒေါ်ဝင်းဝင်းကြူ သမီး မရီရီစိန်၊ သားမောင်ဉာဏ်မြင့်၊ မအိအိသင်း၊ မောင်တိုးမြင့် မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဇွန် ၁ ရက်က ဗဟန်းမြို့နယ် ဆရာစံ တောင်(စံပြ) ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲ ရုံးတွင် နယ်လှည့် စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ရုံး စာကြည့်တိုက်မှူး ဒေါ်အေးအေးဆင့်၊ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးသိန်းဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၃-၆-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"တေဝိဇ္ဇသုတ်"**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"ကမ္ဘာ ကမ္ဘာ အဝေး"** (လွင်မိုး၊ ထက်ထက်မိုးဦး)
၀၁း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၁၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသ သတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၂၁)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** အပိုင်း-၃၅ (ဇာတ်သိမ်းပိုင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်းဖွင့်

ရန်ကုန် ဇွန် ၂

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းယာဉ်လိုင်း လုပ်ငန်းကော်မတီစီမံမှုအောက် ဌာနခွဲ(၃) မြောက်ပိုင်းခရိုင် ယာဉ်လိုင်းလက်အောက်ရှိ ယာဉ်မောင်း၊ နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ၃၁ရက် ညနေ၆နာရီက ခရိုင်အသင်းရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

သင်တန်းဖွင့်ပွဲတွင် ခရိုင်ယာဉ်လိုင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်မောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ဌာနခွဲ(၃) ဌာနခွဲမှူး ဦးထွန်းတင်က သင်တန်း၏ စည်းမျဉ်းစည်းကမ်းများကို ပြောကြားကာ သီရိမြိုင် ယာဉ်မောင်းသင်တန်းကျောင်းအုပ်ကြီး ဒုတိယရဲမှူးအောင်မြင့်က သင်တန်းပို့ချချက်များကို ပြောကြားသည်။ အဆိုပါသင်တန်းမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဥက္ကလာပစေတီတော်မြတ်ကြီး ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ်ရွှေသင်္ကန်းတော်ကပ်လှူ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲမင်္ဂလာကျင်းပ

ရန်ကုန် ဇွန် ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်မြတ်ကြီးအား ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ်ရွှေသင်္ကန်းတော် ကပ်လှူပူဇော် ပြီးမြောက်အောင်မြင်မှု ရေစက်ချလှူဒါန်းပွဲ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက် ကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်းတိုက်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များကြွတော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဖိတ်ကြားထားသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒါန သီလ ဘာဝနာ ဆည်းပူးခြင်း အစီအစဉ် ပထမပိုင်းကို မဟာမုနိ ဓမ္မာရုံကြီး၌ ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ဆရာတော်ကြီးများထံ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆက်ကပ်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို စေတီတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ကိုယ်စား ဦးကြိုင်စန်းရွှေနှင့် ဇနီးတို့က စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့က ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တိုင်းမှူးနှင့် ဇနီးတို့က ဆည်းလည်းပဒေသာနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်က ဗွန်းလေးဘုံနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာအခမ်းအနား ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

အပူဇော်ခံ

ယင်းနောက်လှည့်လည်ပင့်ဆောင် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အစီအစဉ်ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မင်္ဂလာအခမ်းအနားဖြင့်စိန်ဖူးတော်ကို ဦးကြိုင်စန်းရွှေကလည်းကောင်း၊ ရတနာပန်းကလပ်ကို ဦးကြိုင်စန်းရွှေ၏ဇနီး ဗိုလ်မှူးဒေါ်ခင်ဝင်းစိန်က လည်းကောင်း၊ ငှက်မြတ်နားတော်ကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်တို့ကလည်းကောင်း၊ဆည်းလည်းပဒေသာကို ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးက လည်းကောင်း၊ ဗွန်းလေးဘုံကို တိုင်းမှူး၏ ဇနီးဒေါ်မာမာဝေကလည်းကောင်း ပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ကာ အပူဇော်ခံသည်။

ထို့နောက် အခမ်းအနားမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က မင်္ဂလာအခါတော်ကြားစာတမ်းကို ဖတ်ကြားသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် စေတီတော် တနင်္ဂနွေထောင့်အနီးရှိ မင်္ဂလာမဏ္ဍပ်မှနေ၍ ဗွန်းလေးဘုံမှ စတင်၍ ငှက်မြတ်နားတော်၊ ဆည်းလည်းပဒေသာနှင့် စိန်ဖူးတော်တို့ကို မြလေယာဉ် ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံဖြင့် စေတီတော်အထက်သို့ တင်လှူပူဇော်သည်။

ပက်ဖျန်းပူဇော်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် ဦးကြိုင်စန်းရွှေတို့က ဗွန်းလေးဘုံ၊ ဆည်းလည်းပဒေသာ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော် အထွတ်တွင် တင်လှူပူဇော်ပေးကြပြီး ရေစင်ရေသန့်နှင့် အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ပေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ကိုယ်စား ဦးကြိုင်စန်းရွှေနှင့်ဇနီးတို့က စိန်ဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သီလခံယူဆောက်တည်

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်မြတ်ကြီးအား ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းတော်ကပ်လှူပူဇော် ပြီးမြောက်အောင်မြင်မှု ရေစက်ချလှူဒါန်းပွဲ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နဝင်္ဂသီလခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီးတို့က ငှက်မြတ်နားတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာ တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံလက်မှတ်ရေးထိုး

ပေကျင်း ဇွန် ၂

တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လီယုက မေ ၃၀ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အလည်အပတ်

ယင်းသဘောတူ စာချုပ်အား အိန္ဒိယကာကွယ်ရေးဝန်ကြီး ပရာနက် မူချာဂျီး တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ်အတွင်း ရေးထိုးခဲ့ခြင်းဖြစ်သည်။

အကျိုးကျေးဇူး

ထိုနားလည်မှုစာချွန်လွှာသည် တရုတ်-အိန္ဒိယတပ်မတော် အချင်းချင်း ဆက်ဆံမှု တိုးမြှင့်ခြင်းအတွက် အကျိုးကျေးဇူးများ ရှိလာမည်ဖြစ်ပြီး မည်သည့် တတိယနိုင်ငံကိုမျှ ပစ်မှတ်ထားမည် မဟုတ်ကြောင်း လီယုက ပြောကြားသည်။

အိန္ဒိယ ကာကွယ်ရေးဝန်ကြီး မူချာဂျီးသည် တရုတ်နိုင်ငံသို့ ခြောက်ရက်ကြာ အလည်အပတ် ခရီးစဉ်အဖြစ် ပေကျင်းမြို့သို့ တနင်္ဂနွေနေ့ နေ့လယ်က ရောက်ရှိလာခဲ့သည်။ ယင်း တရုတ်ခရီးစဉ်သည် ၂၀၀၄ခုနှစ်က ကာကွယ်ရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့ကတည်းက ၎င်း၏ပထမဆုံး ခရီးစဉ်ဖြစ်သည်။

တရုတ် ကာကွယ်ရေးဝန်ကြီးနှင့် တနင်္လာနေ့က ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ နှစ်နိုင်ငံတပ်မတော်အကြား နက်ရှိုင်းသော စစ်ဘက်ဆိုင်ရာအမြင်များ ဖလှယ်ရန် ကတိကဝတ် ပြုခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နဂါးလှေပြိုင်ပွဲ

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ဖိုရှမ်းကျေးရွာတွင် ကျင်းပသည့် နဂါးလှေပြိုင်ပွဲ မြင်ကွင်းကို မေ ၃၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



အိုင်တီနည်းပညာစိတ်ဝင်စားသူများ လှယဉ်ကျေးမယ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်

ဗန်ကောက် ဇွန် ၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် မစ္စမိုလ်ဘိုင်း ထိုင်းလင်း ၂၀၀၆ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများကို ဇွန် ၇ ရက် အထိ ဖိတ်ခေါ်ထားသည်။ **(ဓါပုံ)**

ပြိုင်ပွဲဝင်မည့်သူသည် အသက် ၁၆နှစ်မှ ၂၄နှစ်အတွင်း ရှိရမည်ဖြစ်ပြီး သတင်းပြန်ကြားရေးနည်းပညာကို စိတ်ဝင်စားသူများ ဖြစ်ရမည်ဖြစ်သည်။ လျှောက်ထားသူများသည် သတင်းပြန်ကြားရေးနည်းပညာနယ်ပယ်တွင် ပညာသင်ကြားနေသူများ သို့မဟုတ် အလုပ်လုပ်နေသူများ ဖြစ်ရမည်ဟု ဖော်ပြထားသည်။

အနိုင်ရရှိသူသည် ထိုင်းဘတ်ငွေ တစ်သိန်းတန်ဖိုးရှိ ပညာသင်ဆုနှင့် ဆုဖလားရရှိမည်ဖြစ်သည်။

(သည်နေရှင်း)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘာရာမော့စ်ဒုံးပျံ(၁၂)ကြိမ်မြောက် အိန္ဒိယနှင့်ရုရှား ပူးပေါင်းစမ်းသပ်

နယူးဒေလီ ဇွန် ၁

အိန္ဒိယနိုင်ငံ ရာဂျက်စတန် သဲကန္တာရမှ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့ ပူးပေါင်းထုတ်လုပ်ခဲ့သည့် အသံထက်မြန်သော ဘာရာမော့စ် ခရုစ်ဇ်ဒုံးပျံကို (၁၂)ကြိမ်မြောက်အဖြစ် အောင်မြင်စွာ စမ်းသပ်ခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက မေ၃၁ရက်၌ ပြောကြားသည်။

ယင်း ဒုံးပျံစမ်းသပ်မှုသည် အမြင့်ဆုံး စမ်းသပ်မှုပင်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြသည်။

စနစ်နှစ်မျိုး

အဆိုပါ ဘာရာမော့စ်ဒုံးပျံသည် အရည်နှင့်အခဲ တွန်းကန်အားစနစ်နှစ်မျိုးပါဝင်ပြီး ကီလိုမီတာ ၃၀၀ အကွာအဝေးကို ပစ်နိုင်သည်ဟု ဆိုသည်။

မြစ်နှစ်စင်းအမည်

အိန္ဒိယရေတပ်က ၎င်း၏ စစ်သင်္ဘောများအတွက် ထူးခြားသည့်ပစ်ခတ်ထိန်းချုပ်ရေးစနစ်နှင့်အတူ ဘာရာမော့စ်ဒုံးပျံစနစ်ကို ရယူခဲ့ကြောင်း အင်ဒို-အာရှ နယူးဆားဗစ်က ဖော်ပြသည်။ အဆိုပါ ဒုံးပျံ၏ အမည်ကို အိန္ဒိယနှင့်ရုရှားနိုင်ငံတို့၏ မြစ်နှစ်စင်း၏အမည်ကို ပေါင်းခေါ်ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ဘရာမာပူထရာမြစ်နှင့် ရုရှားနိုင်ငံမှ မော့စ်ကိုဗာမြစ်တို့ကို ပေါင်း၍ ခေါ်ဆိုခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တောရိုင်းကျေးငှက်များ တရားမဝင်ကုန်သွယ်မှုကြောင့် ကြက်ငှက်တုပ်ကွေးရောဂါပိုး ကူးစက်ပျံ့နှံ့

ရောမ ဇွန် ၂

မွေးမြူရေးခြံထွက်ပစ္စည်းများနှင့် တောရိုင်းကြေးငှက်များအား တရားမဝင်ကုန်သွယ်မှုပြုလုပ်နေခြင်းသည် ကမ္ဘာတစ်ဝန်းတွင် ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့ရန်အတွက် အထောက်အကူပေးသလို ဖြစ်နေကြောင်း ကျွမ်းကျင်ပညာရှင်များက မေ ၃၀ရက်၌ ပြောကြားသည်။

ယင်းဗိုင်းရပ်စ်ပိုးသည် ၂၀၀၃ခုနှစ်နှောင်းပိုင်းတွင် အာရှ၌ပေါ်ပေါက်ခဲ့ကတည်းက ကူးစက်ခံရသူ ၂၂၄ဦးတွင် ၁၂၇ဦးသေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ ဆေးကျောင်းတွင် ပြုလုပ်ပြသထားသော အရှည် ၁၂ဒသမ ၁၉မီတာရှိ လူ၏အူမပုံသဏ္ဌာန်ကို မေ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ကလေးများနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေနေသော မိန်းကလေး တစ်ဦးကို ဇွန် ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်အာရှ၌ စွမ်းအင်အကျပ်အတည်းကြောင့် စီးပွားရေးတိုးတက်မှုနှေးကွေး

နယူးဒေလီ ဇွန် ၂

တောင်အာရှဒေသသည် မယုံနိုင်လောက်အောင် စီးပွားရေးတိုးတက်လျက်ရှိသကဲ့သို့ နွေရာသီအပူရှိန်မှာလည်း မြင့်မားလျက်ရှိရာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမှာလည်း နာတာရှည်ရောဂါလိုဖြစ်နေသည်ဟု ဆိုသည်။

ကတိပြုထား

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှု အမြန်ဆုံးနိုင်ငံဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များနောက်ပိုင်းနှစ်စဉ် စီးပွားရေးတိုးတက်မှုနှုန်းငါးရာခိုင်နှုန်းရှိခဲ့သည်။ အစိုးရက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ကတိပြုထားသည်။

ဘင်္ဂလားဒေ့ရှ်တွင် လယ်သမားများက ယင်းတို့၏စိုက်ခင်းသီးနှံများ ဆန်ရေချမပေးသဖြင့် အကြမ်းဖက်မှုများဖြစ်ပွားရာ အနည်းဆုံး လူ၁၇ဦးသေဆုံးခဲ့သည်။ စီးပွားရေးခေါင်းဆောင်များက အထည်ချုပ်လုပ်ငန်းမှ အထည်များတင်ပို့မှုကို ခြိမ်းခြောက်မှုများ၍ ရေပြတ်လပ်မှုမရှိရန် သတိပေးခဲ့သည်။ ယခုစောစောပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံထက်ဝက်နီးပါး အမှောင်ထဲတွင် နာရီအချို့ နေခဲ့ရသည်။ အိန္ဒိယနိုင်ငံသည် စီးပွားရေးတိုးတက်မှု လျင်မြန်ရေးအတွက် ဆော်ဩလျက်ရှိသည်။ သို့ရာတွင် စွမ်းအင်အကျပ်အတည်းပြဿနာကို ဖြေရှင်းနိုင်စွမ်းမရှိဟု ဆိုသည်။ နယူးဒေလီမြို့၌ နေ့စဉ် ၁၀နာရီခန့်သာ မီးလာပြီး ကျေးလက်ဒေသများသည် တစ်နေ့နှစ်နာရီသာ မီးလာသည်ဟုဆိုသည်။ နိုင်ငံတစ်ဝန်းလုံးရှိ အိမ်ထောင်စုမှာ ၅၀ရာခိုင်နှုန်းအောက်သာမီးရပြီး တရုတ်နိုင်ငံက ၉၇ရာခိုင်နှုန်းရှိသည်။ ပါကစ္စတန်၊ သီရိလင်္ကာနှင့် နီပေါတို့သည်လည်း စွမ်းအင်အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်ဟုဆိုသည်။ **(စထရိတ်တိုင်းမ်)**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထိမ်းအမှတ်ဘောလုံး

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် အမြင့် ၁၅မီတာရှိ ဘောလုံးကြီးအား ရောင်စုံမီးများ ထွန်းညှိထားသည်ကို မေ ၃၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ် ပင်လယ်အစားအစာ ပြည်ပပို့ကုန်တိုးတက်

ဟန်နွိုင်း မေ ၃၁

ဗီယက်နမ် ပင်လယ်အစားအစာ ပြည်ပပို့ကုန်မှ ယခုနှစ်ပထမငါးလတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံနီးပါး ဝင်ငွေရရှိခဲ့ကြောင်း ပင်လယ်အစားအစာ ပြည်ပပို့သူများနှင့် ထုတ်လုပ်သူများအဖွဲ့က မေ ၂၉ ရက်က ပြောကြားသည်။

ပြီးခဲ့သောနှစ် ယင်းကာလထက် ၂၃ဒသမ ၂ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ပုစွန်အလတ်နှင့် ပုစွန်ဆိတ်အမျိုးမျိုးကို ပြည်ပတင်ပို့ခြင်းကို တိုးမြှင့်ဆောင်ရွက် လျက်ရှိသည်။

တင်ပို့

ယင်းပြည်ပပို့ကုန်များကို တရုတ်၊ အမေရိကန်၊ ဥရောပသမဂ္ဂ နိုင်ငံများ၊ ဂျပန်၊ အရှေ့အလယ်ပိုင်း နိုင်ငံများ၊ အရှေ့ဥရောပ၊ အာဖရိကနှင့် တောင်အမေရိကနိုင်ငံများသို့ တင်ပို့ခဲ့သည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံသည် ထုတ်ကုန်အရေအတွက် တိုးပွားလာရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ဈေးနှုန်းကြိုတင်ခန့်မှန်းနိုင်မှု အရည်အသွေးမြင့်မားရေးနှင့် ပြည်ပဝယ်လိုအား ကောင်းမွန်ရေးတို့၏ အပေါ်တွင် အလေးထားဆောင်ရွက်နေကြောင်း ယင်းအဖွဲ့က ပြောကြားသည်။

ပင်လယ်အစားအစာ ပြည်ပပို့ကုန်မှ ယခုနှစ်တွင် ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံရရှိခဲ့ပြီး ပြီးခဲ့သောနှစ်က ဒေါ်လာ ၂ဒသမ ၇ဘီလီယံမှ မြင့်တက်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မလေးရှား ဆေးဘက်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့ ငလျင်ဒဏ်ခံရသော အင်ဒိုနီးရှားသို့ စေလွှတ်မည်

ကွာလာလမ်ပူ ဇွန် ၂

ငလျင်ဒဏ်ခံခဲ့ရသော အင်ဒိုနီးရှားနိုင်ငံသို့ အဖွဲ့ဝင်၇၆ဦးပါရှိသော ဆေးဘက်ဆိုင်ရာ အဖွဲ့တစ်ဖွဲ့ကို ငလျင်ဒဏ်ခံစားနေရသော ဒေသခံများအား အကူအညီပေးရန် မလေးရှားနိုင်ငံက စေလွှတ်မည်ဖြစ်ကြောင်း မလေးရှား ဒုတိယဝန်ကြီးချုပ် နာဂျစ်တန်ရာရက်က ပြောကြားသည်။

ဆေးဘက်ဆိုင်ရာ အရာရှိရှစ်ဦးနှင့် အခြားအဖွဲ့ဝင် ၇၆ဦးပါရှိသော အဖွဲ့ကို စေလွှတ်မည်ဖြစ်ရာ ဆေးဘက်ဆိုင်ရာ ပစ္စည်းများ၊ ဆေးဝါးများနှင့် အခြားအကူအညီများ ပေးသွားမည်ဖြစ်သည်။

လိုက်ပါပို့ဆောင်

အဆိုပါ ဆေးဘက်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့ကို မလေးရှားလေတပ်မှ လေယာဉ်လေးစင်းဖြင့် လိုက်ပါပို့ဆောင်ပေးမည်ဖြစ်သည်ဟု ၎င်းကပြောကြားသည်။

ငလျင်ဒဏ် ခံရသူများအနေဖြင့် ဆေးဝါးများနှင့် ကျန်းမာရေးဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိကြောင်း၊ ဒေသဆိုင်ရာ ဆေးရုံများနှင့် မလုံလောက်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

မလေးရှားဆေးဘက်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့သည် မြေပြင်ဆေးရုံတစ်ခု တည်ဆောက်ပြီး ယော့ဂျကာတာမြို့၌လည်း ဆေးဘက်ဆိုင်ရာ အထောက်အကူပြုဆေးရုံတစ်ရုံယာယီတည်ဆောက်ကာ ကျန်းမာရေးအကူအညီများ ပေးသွားမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ်၌ တံတားပြိုကျ လေးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ဒါကာ ဇွန် ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်း ဒါကာမြို့နှင့် ကီလိုမီလာ ၁၉၀ အကွာရှိ ဖီဟာပါဒေသတွင် မေ ၃၀ ရက်က တည်ဆောက်ဆဲ တံတားတစ်စင်း ပြိုကျရာ ဆောက်လုပ်ရေးအလုပ်သမား လေးဦးသေဆုံးပြီး ငါးဦးပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း ယူအင်ဘီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ကာဂျလာ မြစ်ကိုဖြတ်၍ တည်ဆောက်နေသောတံတား ပြိုကျသွားခြင်းကြောင့် တံတားပေါ်တွင် အလုပ်လုပ်နေသူ လေးဦးသေဆုံးသွားခဲ့သည်။ ဒဏ်ရာရရှိသူများအား ဒေသဆိုင်ရာ ဆေးရုံသို့ တင်ပို့လိုက်ရပြီး ၎င်းတို့၏ အခြေအနေသည် စိုးရိမ်ဖွယ်ရှိကြောင်း ဖော်ပြထားသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ ယင်းတံတားပြိုကျသည့် အကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

အမည်မသိ ရောဂါဆန်းတစ်မျိုး ကမ္ဘောဒီးယားနိုင်ငံရှိ နွားအချို့၌ ဖြစ်ပွား

ဖနောင်ပင် ဇွန် ၂

ကမ္ဘောဒီးယားနိုင်ငံ ကမ်းဒယ်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် အမည်မသိသောရောဂါဆန်းတစ်မျိုး ဖြစ်ပွားမှုကြောင့် နွားခုနစ်ကောင် သေဆုံးခဲ့ပြီး အခြားနွားများ ရောဂါကူးစက်ခဲ့မှု မေ ၂၄ ရက်၌ စတင်ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက မေ ၃၀ ရက်၌ ဖော်ပြသည်။

ယင်းနွားများသည် အသက်တစ်နှစ်မှ သုံးနှစ်အရွယ်ရှိပြီး ရွာသားများပိုင်ဆိုင်သော နွားများဖြစ်သည်။ ၎င်းနွားများသည် မသေဆုံးမီ စားကျက်မြေ၌ လွှတ်ကျောင်းပြီးနောက် ၎င်းတို့၏ခြေထောက်များသည် တောင့်တင်းမှုဝေဒနာ ခံစားနေရကြောင်း နွားပိုင်ရှင်များ၏ ပြောကြားချက်အရ သိရသည်။

ဖော်ပြ

မသေဆုံးမီ အချိန်ပိုင်းလေးတွင်သာ ဖျားနာသော လက္ခဏာများကို ပြခဲ့သည်ဟု ကမ္ဘောဒီးယားသတင်းစာ၏ သုံးသပ်ချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြေမြှုပ်

နွားပိုင်ရှင်များက ပြောကြားရာတွင် ၎င်းတို့သည် သေဆုံးသွားသော ပထမနွား၏ အသားကိုစားခဲ့ပြီး ကျန်အစိတ်အပိုင်းများကို မြေမြှုပ်ပစ်ခဲ့သည်ဟု ပြောပြသည်။

ပြောကြား

ယင်းနွားများသည် ပြည်တည်နာရောဂါ တစ်မျိုးကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း ကျေးရွာရှိ တိရစ္ဆာန်ကုဆရာဝန် တစ်ဦးက ပြောကြားသည်။

နွားကောင်ရေ အများအပြားသည် ရောဂါဝေဒနာခံစားနေရသောကြောင့် ကျေးရွာလူကြီးများသည် ကျွမ်းကျင်ပညာရှင်များအား စစ်ဆေးခြင်းတာဝန်များကိုပေးကာ ၎င်းနွားများအား ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အာဏာပိုင်များထံသို့ သတင်းပေးပို့ထားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူး ခြားခြား



အီဂျစ်ရုပ်တုပြပွဲ

ရှေးဟောင်း အီဂျစ်ရုပ်တုများပြပွဲ၌ ပြသထားသော ရုပ်တုများကို တွေ့ရစဉ်။ (ယာပုံ)

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် အီဂျစ် ရှေးဟောင်းရုပ်တုများ ပြပွဲတစ်ရပ်ကို ခင်းကျင်းပြသလျက်ရှိရာ ရှေးခေတ်ဖာရိုးဘုရင်တို့၏ ရုပ်တုများ၊ အသုံးအဆောင်ပစ္စည်းများကို အများပြည်သူတို့အား စက်တင်ဘာ ၄ရက်အထိ ပြသထားမည်ဖြစ်သည်။ အီဂျစ် ရှေးဟောင်းရုပ်တုများကို ဂျာမနီ၌ ပထမဆုံးအကြိမ်အဖြစ် ခင်းကျင်းပြသခြင်း ဖြစ်သည်။

(အင်တာနက်)

သဲပန်းပုပွဲတော်

ကမ္ဘာ့သဲပန်းပုပွဲတော်၌ ပါဝင်ဆင်နွှဲနေသူများကို တွေ့ရစဉ်။

(အပေါ်ပုံ)

အင်္ဂလန်နိုင်ငံ ဘရစ်တန်မြို့၌ ဇွန် ၁ ရက်မှစတင်ကာ ကမ္ဘာ့သဲပန်းပုပွဲတော် ကျင်းပလျက်ရှိရာ ၎င်းပွဲတော်၌ နယ်သာလန်နိုင်ငံမှ သဲတန်ချိန် တစ်သောင်းခန့်ကို သဘော်ဂ၁များဖြင့် သယ်ယူပြီး သဲပန်းပုများ ပြုလုပ်ရာတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပွဲတော်သည် ကမ္ဘာပေါ်တွင် သဲပန်းပုအများဆုံး ပွဲတော်ဖြစ်လာမည်ဖြစ်သည်။

(အင်တာနက်)

အမွန်မြတ်ဆုံးသော ဒါနပါရမီဖြည့်ဆည်းလိုသူများ မျက်စိလှူဒါန်းမှုဖြင့် အကောင်းဆုံးပါရမီဖြည့်ဆည်းနိုင်

ရန်ကုန် ဇွန် ၂

“ချစ်သားလောက၌ စွန့်ကြဲလှူ ဒါန်းခြင်းထက်မြတ်သော တစ်စုံတစ်ရာသောအလုပ်သည် မရှိပြီ၊ အကြင်သူသည် နှစ်ဖက်သောမျက်စိကွယ်ခဲ့ပြီဖြစ်၍ မျက်စိကိုလှူပါလော့ဟု ကောင်းခြင်းငှာ ကျွန်ုပ်ထံသို့လာ၍ အလှူခံဖြစ်သော ထိုသူကို ငါသည် ငါ၏မျက်စိနှစ်ဖက်တော်အား ပေးလှူခဲ့ပေပြီ၊ ငါသည် ငါ၏ ခန္ဓာကိုယ်ကိုမမုန်း၊ ချစ်မြတ်နိုး၏။ ထို့အတူ ငါ၏ မျက်စိနှစ်ဖက်ကိုလည်း မမုန်း၊ ချစ်မြတ်နိုး၏။ ထို့ထက်ပို၍ ခန္ဓာကိုယ်၊ မျက်စိတို့ကို လှူဒါန်းစွန့်ကြဲသဖြင့် ရအပ်သော သဗ္ဗညုတဉာဏ်တော်ကို ပို၍ချစ်မြတ်နိုး၏။ ထို့ကြောင့် ငါ၏ မျက်စိနှစ်ဖက်ကို လှူပါသည်ဟု မြတ်စွာဘုရားသခင်က သိဝိမင်းဖြစ်စဉ်က မျက်စိနှစ်ဖက်ကို အဘယ်ကြောင့် လှူသနည်း”ဟူသော ချစ်သား ရှင်သာရိပုတ္တရာ၏အမေးကို ယင်းသို့ ဖြေကြားဖူးလေသည်။

သေဆုံးသူ မျက်ကြည်လွှာအလှူရှင်၏ သွေးကို ရောဂါပိုး ရှိမရှိ ခေတ်မီစက်ဖြင့် စစ်ဆေးနေစဉ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

မျက်စိအလှူသည် ယခုခေတ်မှ ပေါ်ပေါက်ခဲ့ပြီမဟုတ်၊ မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် ဘုရားမဖြစ်ခင်က သိဝိမင်းအဖြစ် မိမိအလှူပြုကာ ဒါနပါရမီဖြည့်ဆည်းခဲ့ဖူးလေသည်။

ရွှေဉာဏ်တော်

မြတ်စွာဘုရားသခင်သည် သိဝိမင်းဖြစ်စဉ်က မျက်စိအလှူကြောင့် ဤဘဒ္ဒကမ္ဘာတွင် ဂေါတမမြတ်စွာဘုရားအဖြစ် ပွင့်တော်မူသောအခါ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူလေသည်။

သတင်းမြင်ကွင်း – မြင့်မောင်စိုး
ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ဤကား မျက်စိလှူကြ၊ မျက်ကြည်ရ၊ မြတ်သည့်အလှူဒါန ဆောင်ပုဒ် ဖြစ်ပေါ်လာခြင်းနှင့်အတူ မြန်မာနိုင်ငံ၌ မျက်စိဘဏ်ကြီး ပေါ်ထွန်းခဲ့သည်။

မျက်စိဘဏ်

မိမိ၏ ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်သည့် မျက်စိကို လှူဒါန်းခြင်းမှာ မြင့်မြတ်သော အလှူသည် မရှိပြီဆိုသော စကားအတိုင်း မျက်စိလှူလိုကြသော အလှူရှင်ပြည်သူများအား မျက်စိလှူ ပုံနှင့်စပ်လျဉ်း၍ အကြောင်းစုံ အသိပေးတင်ပြရန် မြန်မာ့အလင်းသတင်းအဖွဲ့က အမှတ်(၃၀) နတ်မောက်လမ်း မျက်စိဆေးရုံရှိ အမျိုးသားမျက်စိဘဏ် (ရန်ကုန်)သို့ အရောက်လှမ်း မေးမြန်းခဲ့ပါသည်။

မြင့်မြတ်

ရှေးဦးစွာ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာနမှ ဒေါက်တာ ဦးညွန့်မောင်က ပြောကြားရာတွင် “မိမိ၏ မျက်စိဖြင့် အလှူပြုရခြင်းအလှူထက် မြင့်မြတ်သော အလှူဆိုတာ မရှိကြောင်း၊ လောကတွင် မိမိအကျိုးနှင့် အများအကျိုးဆိုတာရှိပြီး မိမိအတွက် အလှူဒါနအကျိုးကို ဖြစ်စေကာ အများအကျိုးအတွက် မိမိ၏ မျက်စိဖြင့် တစ်ပါးသူအား အလင်းတံခါးကို ဖွင့်ပေးနိုင်ကြောင်း၊ လူတိုင်းလူတိုင်း မျက်စိ အလှူကို သဘောပေါက်နားလည်ပြီး လှူဒါန်းမည်ဆိုပါက မျက်မမြင် တိမ်ဖုံးနေသော မျက်စိဝေဒနာရှင်များ မျက်စိနှစ်ကွင်းအလင်းတံခါး ဖွင့်ပေးနိုင်မည်ဖြစ်ကြောင်း” ပြောကြားသည်။

တိုက်တွန်းလိုကြောင်း

ယနေ့အထိ အမျိုးသားမျက်စိဘဏ်(ရန်ကုန်)သို့ မျက်စိလှူဒါန်းထားသော အလှူရှင်ပေါင်း ၂၀၀၀၀ ကျော်ရှိကြောင်း၊အလှူရှင်များ များများလိုအပ်နေကြောင်း၊ မွန်မြတ်လှသည့် မျက်စိအလှူကို လှူဒါန်းကြဖို့ တိုက်တွန်းလိုကြောင်းဖြင့်လည်း ၎င်းက ဆက်လက်ပြောကြားသည်။

လှူဒါန်းနိုင်

မျက်စိ လှူဒါန်းလိုသူများအနေဖြင့် အမှတ် ၃၀ နတ်မောက်လမ်း မျက်စိဆေးရုံ အမျိုးသား မျက်စိဘဏ် (ရန်ကုန်) ဖုန်း–၅၄၉၁၇၄ နှင့် ၅၅၃၉၅၅ သို့လည်းကောင်း၊ အမျိုးသား မျက်စိဘဏ်(မန္တလေး)၂၃ လမ်း (၈၀ နှင့် ၈၁ လမ်းကြား)မ–န–န–လ ဆေးရုံကြီး မန္တလေး ဖုန်း–၀၂–၃၉၄၅၀ နှင့် ၀၂–၃၁၂၀၀သို့ လည်းကောင်း လူကိုယ်တိုင် လာရောက်၍ မျက်စိလှူဒါန်းကြောင်း သဘောတူချက်ဖောင်တွင် လက်မှတ် ရေးထိုး၍ လှူဒါန်းရမည်ဖြစ်ကြောင်း သိရသည်။

မျက်စိလှူဒါန်းထားသောသူသည် သေဆုံးခဲ့ပါက နှစ်နာရီ အတောအတွင်း အထက်ပါ လှူဒါန်းထားသည့် နေရာများသို့ ဖော်ပြပါဖုန်းနံပါတ်များ အတိုင်း အကြောင်းကြားရမည်ဖြစ်ကြောင်း၊ ထိုသို့ အကြောင်းကြားလျှင်

စာမျက်နှာ ၇ ကော်လံ ၁

အသုံးမပြုသည့် ရထားလမ်းဟောင်းများ စွန့်ပစ်တာယာများကို အသုံးပြု၍ကားလမ်းခင်း

ဗြိတိန်နိုင်ငံ၌ အသုံးမပြုဘဲပစ်ထားသည့် ရထားလမ်း အရှည်မိုင်ပေါင်း ၉၀၀၀ ရှိရာမှ အချို့ကို စွန့်ပစ်ကားတာယာများအား နည်းပညာအသုံးပြု၍ ရော်ဘာလမ်းခင်းခြင်း စီမံကိန်းလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကုပ်အတွယ်

ရှိပြီးသား ရထားလမ်းကြောင်းပေါ်တွင် ကားတာယာများကို နုပ်နုပ်စင်း၍ လိုအပ်သည့်ပုံစံအပြားများရအောင် လုပ်၍ အကုပ်အတွယ်များ စနစ်တကျ ထည့်ကာခင်းခြင်းဖြစ်သည်။

မောင်းနှင်နိုင်

ယင်းရော်ဘာလမ်းသည် နူးညံ့ပျော့ပျောင်းသော လမ်းများဖြစ်သည်။ အဆိုပါ ရော်ဘာလမ်းသစ်ပေါ်တွင် ကားနှင့် ဓာတ်ရထားနှစ်မျိုးစလုံး မောင်းနှင်နိုင်ပြီး တစ်နာရီလျှင် မိုင် ၅၀ နှုန်းမောင်းနှင်နိုင်ကြောင်း စီမံကိန်းဆောင်ရွက်နေသော ဟိုးဖတ်စ်ကုမ္ပဏီက ပြောကြားသည်။

အထောက်အကူမပြုနိုင်

သို့ရာတွင် အသုံးမပြုဘဲပစ်ထားသည့် အဆိုပါရထားလမ်းများကို ၎င်းရော်ဘာလမ်းသစ်ခင်းရာ၌ အခြားအသုံးပြုသူများအတွက် အထောက်အကူမပြုနိုင်ဟု ကုမ္ပဏီက ပြောကြားသည်။

စဉ်းစားနေ

အဆိုပါ ရော်ဘာလမ်းသစ်များကို လမ်းလျှောက်လမ်းနှင့် စက်ဘီးစီးလမ်းများအဖြစ် လုပ်ဆောင်သွားရန်လည်း စဉ်းစားနေကြောင်း ဆူခရန်းပို့ဆောင်ရေးအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် ဂျီလ်ဟာရစ်ဆွန်က ပြောကြားသည်။

ယင်းအဖွဲ့က အသုံးမပြုသည့် မီးရထားလမ်း မိုင်၁၀၀၀ ခန့်ကိုအမျိုးသား ပတ်လမ်းကွန်ရက်အဖြစ် ရော်ဘာလမ်းခင်းပေးခဲ့ကြောင်း သိရသည်။

ပိတ်ဆို့ခြင်းသက်သာ

ထိုကဲ့သို့ ရော်ဘာလမ်းများ မီးရထားလမ်းဟောင်းများပေါ်တွင် ခင်းပေးလိုက်ခြင်းဖြင့် ယာဉ်ကြော ရှင်းလင်းရေးစနစ်များ၊ ယာဉ်များပိတ်ဆို့ခြင်းမှ သက်သာသွားမည်ဟု ၎င်းက ပြောကြားသည်။

ရော်ဘာလမ်းများကို ဟိုးဖတ်စ်ကုမ္ပဏီက ဗြိတိန်နိုင်ငံ၌ နှစ်စဉ် စွန့်ပစ်တာယာ သန်း ၅၀ ခန့်အချို့ကို ရော်ဘာလမ်းအဖြစ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ကုလားအုတ်နို့သည် အားအင်များပြန်လည်ဖြည့်ဆည်းနိုင်

ကုလားအုတ်နို့တစ်ဖန်ခွက်ကို သောက်သုံးခြင်းသည် ကိုယ်ခန္ဓာအတွင်း ကုန်ခန်းသွားသော အားအင်များကို ပြန်လည်ဖြည့်ဆည်း ပေးနိုင်သည့်အပြင် ကျန်းမာရေးကိုလည်း ကောင်းမွန်အောင် အထောက်အကူပေးကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က ပြောကြားလိုက်သည်။

တိုးတက်များပြား

ကုလားအုတ်နို့တွင် ဗီတာမင်ဘီနှင့် ဗီတာမင်စီတို့အပြင် နွားနို့တွင်ပါရှိသော သံဓာတ်ပမာဏထက် ၁၀ ဆခန့် ပိုမိုပါရှိကြောင်း၊ ထို့ကြောင့် အာရပ်နိုင်ငံများ၊ မြောက်အာဖရိကနှင့် အနောက်နိုင်ငံများတွင် ကုလားအုတ်နို့ကို နေ့စဉ် သောက်သုံးလိုသူဦးရေ တိုးတက်များပြားလျက်ရှိသည်ဟု ဆိုသည်။

အလွယ်တကူ

သို့သော်လည်း ကုလားအုတ်နို့မှာ အင်္ဂလန်ကဲ့သို့သော နိုင်ငံများအတွက် အလွယ်တကူမရရှိနိုင်သည်ဖြစ်ရာ သဲကန္တာရဒေသနေ ပြည်သူများအတွက်သာ အဆင်ပြေမှုရှိကြောင်း၊ ထို့အပြင် သောက်သုံးနေကျ နွားနို့၊ ဆိတ်နို့နှင့် ကျွဲနို့များကဲ့သို့သော နေ့စဉ် သောက်သုံးနေကျ နို့များနေရာတွင် အလွယ်တကူ ပြောင်းလဲသောက်သုံး၍ မရနိုင်ကြောင်း၊ အချိန်ကာလတစ်ခုအထိ ကျန်းမာရေး အသိရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းလည်း အက်ဖ်အေအိုက ပြောကြားသည်။

(ကိုးကား–အင်တာနက်)

စာမျက်နှာ ၆ မှ

ကြားခြင်း မျက်စိဘဏ်မှ ဆရာဝန်များက နေအိမ်၌ဖြစ်စေ၊ ဆေးရုံဆေးခန်း၌ဖြစ်စေ လာရောက်ကာ သေဆုံးသူ၏ မျက်ကြည်လွှာ ငါးလွှာအနက်မှ အပေါ်ယံလွှာကို အနည်းငယ်ခွဲစိတ်၍ ယူလိမ့်မည်ဖြစ်ကြောင်း သိရသည်။

အား အစားထိုးလဲလှယ်ပေးကြောင်း သိရသည်။

ရောဂါမကူးစက်

အကယ်၍ သေဆုံးသူ၏ မျက်ကြည်လွှာသည် ထိုသူ၏ သွေး၌ ရောဂါပိုးများ ရှိနေပါက ၎င်းမျက်ကြည်လွှာမှာ အလဟဿ ဖြစ်သွားနိုင်သည်။ သို့ဖြစ်၍ မျက်ကြည်လွှာ သည်။ သို့သော် အသက်အရွယ် အပိုင်းအခြားမရှိ လှူဒါန်းနိုင်ကြောင်း သိရသည်။

၂။ မျက်စိတွင် ရောဂါ မရှိသူဖြစ်ရမည်။

၃။ မျက်စိခွဲစိတ်ကုသမှု တစ်ခုခု ခံယူထားသူ မဖြစ်စေရ။

အလှူခံရရှိသည့် မျက်ကြည်လွှာများကို ဤသို့အရည်အသွေးစစ်ဆေးရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မျက်ကြည်လွှာလှူ

ထိုသို့ ခွဲစိတ်ယူသဖြင့် သေဆုံးသူ၏ မျက်စိကို အလုံးလိုက်ထုတ်ယူခြင်းမဟုတ်၍ ပုံသဏ္ဌာန်ပျက်စီးစေခြင်းမရှိကြောင်း၊ ခွဲစိတ်ယူစဉ် သေဆုံး သူ၏ မျက်စိကို လုံးဝမပျက်စေရန် စနစ်တကျခွဲစိတ်၍ မျက်ကြည် လွှာကို အလှူခံခြင်းဖြစ်ကြောင်း သိရသည်။

လှူဒါန်းထားသောသူများသည် မိမိ၏အလှူဒါနကို မြောက်စေရန်အတွက် ရောဂါပိုးများ မကူးစက်စေရေး ဆင်ခြင်၍ နေထိုင်ရန် လိုအပ်ပါသည်။

သေဆုံးသူထံမှ ရရှိသော မျက်ကြည်လွှာကို ပိုး ရှိ မရှိ စစ်ဆေးပြီး

၄။ အသည်းရောင်ရောဂါ၊ ခွေးရူးပြန်ရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ၊ မေးခိုင်ရောဂါ စသည့် ရောဂါ တစ်ခုခုကြောင့် သေဆုံးသူ မဖြစ်စေရ။

၅။ သေဆုံးပြီး အနည်းဆုံး နှစ်နာရီအတွင်း မျက်ကြည်လွှာကို ထုတ်ယူရမည်ဖြစ်သဖြင့် ၎င်းအချိန်အတွင်း သက်ဆိုင်ရာ မျက်စိဘဏ်သို့ အကြောင်းကြားပေးသူ ရှိရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိမိအတွက်လည်း အလွန်မြတ်သည့် ကုသိုလ်ရ၊ မျက်ကြည်လွှာ အလှူခံသူအတွက်လည်း အလင်းရစေမည့် မျက်စိလှူဒါန်းခြင်း ဒါနပါရမီကို ဖြည့်ဆည်းပေးခြင်းဖြင့် အမွန်မြတ်ဆုံးသော အလှူရှင်များအဖြစ် လူတိုင်းလူတိုင်း ခံယူနိုင်ရန်အတွက် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

မျက်ကြည်လွှာပုလင်းများကို ရေခဲသေတ္တာဖြင့် ဤသို့ စုဆောင်းထားရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အစားထိုးလဲလှယ်

သေဆုံးသူထံမှ မျက်ကြည်လွှာကို ပြည်ပမှ မှာယူထားသည့် မျက်ကြည်လွှာစိမ်သည့် ဆေးပုလင်းတွင် နှစ်ပတ်ခန့်စိမ်ထားကာ မျက်ကြည်လွှာ သိမ်းဆည်းသည့် စတိုတွင်ထားကြောင်း၊ ထိုမျက်ကြည်လွှာကို အပြင်တိမ်ကြောင့် မျက်လုံးကွယ်နေသူများအတွက် အစားထိုး လဲလှယ်ပေးကြောင်း၊ ထိုသို့ အစားထိုးလဲလှယ်ရာတွင် သေဆုံးသူ၏ သွေးကို စစ်ဆေးရကြောင်း၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ ဘီပိုး၊ စီပိုး နှင့် ကာလသားရောဂါများ ရှိ မရှိ စစ်ဆေးပြီးမှ ၎င်းမျက်ကြည်လွှာကို မျက်လုံးကွယ်သူ နောက် အကြောင်းအမျိုးမျိုးကြောင့် အပြင်တိမ်ကွယ်နေသောသူများအား အစားထိုး လဲလှယ်ကုသပေးကြောင်း သိရသည်။

ပြန်မြင်နိုင်

အကြောင်းအမျိုးမျိုးဆိုရာတွင် မျက်စိအား ဝါးချွန်၊ သံချွန်အစရှိသော ချွန်ထက်သည့် အရာများကြောင့် ထိခိုက်၍ဖြစ်စေ၊ မတော်တဆထိခိုက်မှုကြောင့် မျက်လုံးတိမ်ဖုံး ကွယ်နေသည်ဖြစ်စေ ထိုသူများကို ခွဲစိတ်ကာ မျက်ကြည်လွှာ အစားထိုးပေးခြင်းဖြင့် မျက်စိပြန်၍မြင်ရသည်ဟု ဆိုသည်။

မျက်စိလှူဒါန်းသူများသည်အောက်ပါအချက်များနှင့် ပြည့်စုံရမည် ဖြစ်သည်။

၁။ မျက်စိလှူရန် အသင့်တော်ဆုံးအရွယ်မှာ အသက်(၁၅)နှစ်မှ (၆၅)နှစ်အတွင်း ဖြစ်

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် တိုက်(၄) အခန်း၃ မြကန်သာ ဦးထွန်းမင်း-ဒေါ်ခင်သန်းသန်းမြတ် (မွေးနေ့အလှူ) အတွက် အက်ဖ်အီးစီ တစ်ရာကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပညာရေးဝန်ထမ်းစည်းရုံးရေးမှူးကောင်းများဖြစ်အောင်ကြိုးစားလေ့ကျင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းများဖွင့်

ရန်ကုန် ဇွန် ၂

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မဟာပညာရေးဘွဲ့သင်တန်း၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ပေါင်းကူး နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၁)၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်းနှင့် အလယ်တန်းဆရာအတတ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဗိုလ်မှူးချုပ်စိုးဦး၊ တက္ကသိုလ်ကောင်စီဝင်များ၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်ထွန်းအောင်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှ၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦး၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏အကျိုးနှင့်တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် မွန်မြတ်သည့် ရည်မှန်းချက်ဖြင့် တည်ထောင်ဖွင့်လှစ်ထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် နိုင်ငံတော်၏ တာဝန်ယူပျိုးထောင်မှုဖြင့် တက်ရောက်ပညာ ဆည်းပူးကြမည့် သင်တန်းသား သင်တန်းသူများသည် နိုင်ငံတော်၏ ကျေးဇူးတရားကို ပြန်လည်ပေးဆပ်နိုင်ရန် ခံယူချက်ဖြင့် တက္ကသိုလ်၏ လေ့ကျင့်သင်ကြားမှုများကို အပတ်တကုတ် ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း။

ကြိုးစားလေ့ကျင့်

နိုင်ငံတော်၏စေတနာကိုလေးလေးနက်နက် နားလည်သဘောပေါက်ပြီး သင်တန်းကာလအတွင်း ကြီးကြပ်ကွပ်ကဲမှုအနည်းဆုံးဖြင့် မိမိကိုယ်မိမိ ထိန်းသိမ်းကာ တက္ကသိုလ်က ချမှတ်ထားသည့် စည်းကမ်းများကို တိကျစွာ စောင့်ထိန်းလိုက်နာကြရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားပြည်သူများအကြား မှန်ကန်သည့် အတွေးအခေါ်များရရှိကာ နိုင်ငံတော်တည်တံ့ ခိုင်မြဲရေးအတွက် အရေးပါသည့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ပြန့်ပွားနေအောင် ကြိုးပမ်းကြရမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသူများဖြစ်အောင် တက္ကသိုလ်တွင် တက်ရောက်နေစဉ်ကတည်းကပင် ဖော်ဆောင်ကြိုးပမ်းကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်က မျှော်လင့်အားထား ယုံကြည်ရသည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများဖြစ်အောင် ကြိုးစားလေ့ကျင့်ကြရန် တိုက်တွန်းမှာကြားသည်။ ဆက်လက်၍ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက သင်တန်းနှင့် ပတ်သက်သော အစီရင်ခံစာကို ဖတ်ကြားသည်။

ထို့နောက် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ၂၀၀၅-၂၀၀၆ ပညာသင်နှစ် စံပြတပ်ခွဲဆုရ အလောင်းဘုရားတပ်ခွဲအား ဆုချီးမြှင့်ပြီး နံနက် ၁၀ နာရီတွင် အခမ်းအနားကို ရုပ်သိမ်းသည်။

တက်ရောက်သင်ယူ

၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် မဟာပညာရေးဘွဲ့ ပထမနှစ်သင်တန်းသို့ ကိုးဦး၊ မဟာပညာရေးဘွဲ့ ဒုတိယနှစ် သင်တန်းသို့ လေးဦး၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်းသို့ ၅၄ ဦး၊ ပညာရေးဘွဲ့ ပေါင်းကူး ပထမနှစ်သင်တန်းသို့ ၇၁ ဦး၊ ပညာရေးဘွဲ့ ပေါင်းကူး ဒုတိယနှစ်သင်တန်းသို့ ၆၇ ဦး၊ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းသို့ ၆၂ ဦး၊ အလယ်တန်း ဆရာအတတ်သင်တန်းသို့ ၅၅ ဦး၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်းများဖြစ်သည့် သင်တန်းအမှတ်စဉ်(၄၁) ပထမနှစ် သင်တန်းသို့ ၂၅၀၊ သင်တန်းအမှတ်စဉ်(၄၀)ဒုတိယနှစ် သင်တန်းသို့ ၂၃၂ ဦး၊ သင်တန်းအမှတ်စဉ်(၃၉) တတိယနှစ်သင်တန်းသို့ ၂၄၉ ဦးနှင့် သင်တန်း အမှတ်စဉ်(၃၈)စတုတ္ထနှစ် သင်တန်းသို့ ၂၅၅ ဦး

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ၂၀၀၅-၂၀၀၆ ပညာသင်နှစ် စံပြတပ်ခွဲဆုရ အလောင်းဘုရားတပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၃၀၈ ဦး တက်ရောက်သင်ယူမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးပြီး တာဝန်ရှိသူများ လိုက်ပါလျက် တက္ကသိုလ်ပျိုးစင်တွင် ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှုနှင့် တက္ကသိုလ်စိုက်ခင်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းမှူးသည် တက္ကသိုလ်ဧည့်ရိပ်သာတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာ သင်တန်းများဝင်ခွင့် လျှောက်လွှာခေါ်

ရန်ကုန် ဇွန် ၂

၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၌ ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ မဟာသိပ္ပံသင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ၊ သူနာပြုမဟာသိပ္ပံသင်တန်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံသင်တန်းများနှင့် ဆေးဝါးမဟာသိပ္ပံသင်တန်းဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားရာ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် လျှောက်လွှာများကို ၂၀၀၆ ခုနှစ် ဩဂုတ် ၄ ရက် နောက်ဆုံး ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း ဆေးသိပ္ပံပညာဦးစီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကြိတ်ကြိတ်တိုးစည်ကားလှသည့် မြန်မာ–ကိုရီးယားချစ်ကြည်ရေး ကုသိုလ်ပြုဈေးရောင်းပွဲတော်

မြန်မာ–ကိုရီးယား ချစ်ကြည်ရေးကုသိုလ်ပြု လူသုံးကုန်ပစ္စည်းများ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကရဝိက်နန်းတော် ဥတ္တရခန်းမ၌ ကျင်းပရာ တောင်ကိုရီးယားနိုင်ငံ ဘုန်းတော်ကြီး **Venerable Mok Takhye Eun** နှင့် မြန်မာ–ကိုရီးယား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဦးခင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

တွေ့ဆုံမေးမြန်းသူ – မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး ကုသိုလ်ပြု လူသုံးကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ကရဝိက်နန်းတော် ဥတ္တရခန်းမ၌ ဇွန် ၂ ရက် ညနေ၄နာရီက စတင် ဖွင့်လှစ်လိုက်ပေပြီ။

ဝယ်ယူ

ဈေးရောင်းပွဲတော်ကို တောင်ကိုရီးယားနိုင်ငံမှ ဘုန်းတော်ကြီး Venerable Mok Takhye Gun၊ မြန်မာ–ကိုရီးယားချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဦးခင်ရွှေနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်ပြီးချိန်မှ စတင်ကာ ကိုရီးယားနိုင်ငံလုပ် လူသုံးကုန် ပစ္စည်းများကို ပရိသတ်များက အလုအယက်ဝယ်ယူကြသည်။

ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများကို ဤသို့ ပရိသတ်များက အလုအယက်ဝယ်ယူခဲ့ကြသည်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

"ဘာသာရေးနှင့်ပတ်သက်ပြီး ကျွန်တော့်ရဲ့လုပ်အားအလှူပါ"

သရုပ်ဆောင်–ခန့်စည်သူ

ဓာတ်ပုံ–တင်စိုး

(မြန်မာ့အလင်း)

တွေ့ဆုံ

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး ကုသိုလ်ပြု ဈေးရောင်းပွဲတော်သို့ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးနေကြသော မြန်မာနိုင်ငံမှ ရုပ်ရှင်သရုပ်ဆောင်များနှင့် မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

"ရုပ်ရှင်အစည်းအရုံးက ဖိတ်တာရယ်၊ ကိုယ်တိုင်ကလည်း ဒီဈေးရောင်းပွဲမှာ ဝိုင်းပြီး ကူညီပေးခြင်းတာရယ်ကြောင့် လာဖြစ်တာပါ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ဦးအနေနဲ့ အခုလို ကုသိုလ်ယူခွင့် ရတာကို ကျေနပ်နေပါတယ်"ဟု ရုပ်ရှင်သရုပ်ဆောင် ပပဝင်းခင်က ပြောကြားသည်။

ကိုရီးယားလုပ် အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းများကို လာရောက်ဝယ်ယူသူများ ဥတ္တရခန်းမကြီး တစ်ခုလုံး ပြည့်လျှံလျက်ရှိရာ လာသမျှလူများကို အပြုံးဖြင့်နှုတ်ဆက်နေသော ရုပ်ရှင်သရုပ်ဆောင် ရီဝေယံက "ကျွန်တော်က ဒီပွဲမှာ သီချင်းဆိုပြီး ဖျော်ဖြေမယ်၊ ဈေးရောင်းပွဲတော် ပိုပြီးစည်ကားအောင် ပံ့ပိုးပေးတာပါ၊ နောက်ပြီး ကုသိုလ်လည်းရတယ်၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုလည်း ရှိစေမယ်၊ စိတ်အားထက်ထက်သန်သန်နဲ့ ဝိုင်းဝန်းကူညီပေးခြင်းဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ကုသိုလ်ယူ

တစ်ဖန် ဈေးဝယ်လာသူပရိသတ်များအား အမှတ်တရ လက်မှတ်များ ရေးထိုးပေးနေသော ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်အား ခံစားမှုကို

"ကုသိုလ်ယူခွင့် ရတာကို ကျေနပ်မိပါတယ်"

သရုပ်ဆောင်–ပပဝင်းခင်

ဓာတ်ပုံ–တင်စိုး

(မြန်မာ့အလင်း)

မေးမြန်းရာ"ကုသိုလ်ယူတဲ့ပွဲမို့ လာဖြစ်အောင်လာပြီး ကူညီပေးနေတာပါ၊ နှစ်နိုင်ငံချစ်ကြည်ရေး၊ ဗုဒ္ဓဘာသာ ပြန့်ပွားရေးကိုလည်း အထောက်အကူ ပြုရာလည်းရောက်ပါတယ်၊ ဒီပွဲမှာ ဈေးလာဝယ်တဲ့ ပရိသတ်တွေကို တတ်နိုင်သလောက်လည်း ဧည့်ခံပေးပါတယ်"ဟု ဖြေကြားသွားသည်။

ထို့နောက် ကိုရီးယား ဗုဒ္ဓဘာသာ ကုသိုလ်ပြုအဖွဲ့နှင့် လိုက်ပါလာသော တောင်ကိုရီးယားရုပ်ရှင် သရုပ်ဆောင် အမျိုးသမီး ဂွန်ဂွီအုပ်အား မြန်မာနိုင်ငံသို့ ဈေးရောင်းပွဲတော်၌ လိုက်ပါ ပံ့ပိုးပေးမှုနှင့် ပတ်သက်၍ မေးမြန်းရာ"မွေးကတည်းက ဗုဒ္ဓဘာသာဝင် တစ်ဦးပါ။ တောင်ကိုရီးယား ဘုန်းတော်ကြီးနဲ့ ဘာသာရေးလုပ်ငန်းတွေကို အားတဲ့အချိန်တိုင်း ဝိုင်းပြီးကူညီဆောင်ရွက် ပေးပါတယ်။ အခုလည်း ကိုယ်တိုင် သီးခြား အစီအစဉ်နဲ့ ကလေးကျောင်းသုံး ပစ္စည်းတွေ လှူဖို့ ယူလာပါတယ်။ မြန်မာနိုင်ငံကို ပထမဆုံးရောက်ဖူးတာ ဖြစ်ပေမယ့် သာယာပြီး လှပတဲ့နိုင်ငံမှာ ကုသိုလ် ထပ်ပြီးပြုနိုင်ဖို့ မကြာမကြာ ရောက်ဖြစ်တော့မှာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ဘာသာရေး လုပ်ငန်း တွေကို အားတဲ့အချိန် ဝိုင်းပြီး ကူညီဆောင် ရွက်ပေး တာပါ"

တောင်ကိုရီးယား ရုပ်ရှင် သရုပ်ဆောင်– ဂွန်ဂွီအုပ်

ဓာတ်ပုံ–တင်စိုး

(မြန်မာ့အလင်း)

တောင်ကိုရီးယားနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်မှ စတင်ကာ "ပြုံးနေလျှင်ကံကောင်းခြင်း ရောက်လာမည်" ဟူသော ဇာတ်လမ်းတွဲဖြင့် ၁၀နှစ်တာ ကာလတစ်ခုကို လွှမ်းမိုးခဲ့သူ ဂွန်ဂွီအုပ်သည် တောင်ကိုရီးယား၌ ယခုနံနက်ပိုင်းပြနေသော ဒရမ်မာဇာတ်ကားဖြစ်သည့် "ဘုရင်မကြီး၏ဆန္ဒ" ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ၌ ပါဝင် သရုပ်ဆောင်ထားသူ တစ်ဦး ဖြစ်သည်။ မြန်မာနိုင်ငံတွင် မိဘမဲ့ ကလေးများနှင့် ပတ်သက်၍ အလှူအများကြီးပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုတော်

ထို့အပြင် အဆိုတော်၊ရုပ်ရှင်သရုပ်ဆောင်ထွန်းထွန်းကလည်း"ကိုယ်တတ်တဲ့ အနုပညာနဲ့ ဝိုင်းပြီးကူညီပေးရတာမို့ ကြည်နူးစိတ်ဖြစ်ရပါတယ်။ အနုပညာသမား တစ်ဦးအနေနဲ့ ဒီပွဲမှာ သီချင်းဆိုပြီး ပရိသတ်ကို ဖျော်ဖြေတယ်။ ပိုပြီးပျော်ရွှင်စည်ကားအောင် ပံ့ပိုးပေးပြီး တစ်ဖက် တစ်လမ်းက ကုသိုလ်ယူရတာပေါ့"ဟု အော်တိုလက်မှတ်ရေးထိုးခိုင်းနေသူ ဝိုင်းဝိုင်းလည်နေသည့်ကြားမှ မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

"ကိုယ်တတ်တဲ့ အနုပညာနဲ့ ဝိုင်းပြီး ကူညီပေးရတာမို့ ကြည်နူးစိတ် ဖြစ်မိပါတယ်"

အဆိုတော်၊ရုပ်ရှင်သရုပ်ဆောင်–ထွန်းထွန်း

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ထို့နောက် ရုပ်ရှင်သရုပ်ဆောင် ချောရတနာကို မေးမြန်းရာ "သီချင်းလည်းဆိုပြီး ဖျော်ဖြေမယ်၊ ဈေးလည်းဝိုင်းကူရောင်းပေးမယ်၊ ဖျော်ဖြေရေးကတော့ အလှည့်ကျပေါ့၊ ကုသိုလ်ရေး

"ကုသိုလ်ယူတဲ့ပွဲမို့ လာဖြစ်အောင်လာပြီး ကူညီပေးတာပါ"

သရုပ်ဆောင်–ဝေဠုကျော်

ဓာတ်ပုံ–တင်စိုး

(မြန်မာ့အလင်း)

မှန်သမျှ စိတ်ထဲမှ အားတက်သရော ကူညီပေးချင်နေတာပါပဲ၊ ကိုယ့်လုပ်အားနဲ့ တတ်နိုင်သမျှပါဝင်ကူညီတာပါ"ဟုပြောကြားသည်။

တစ်ဖန် သရုပ်ဆောင် ခန့်စည်သူကလည်း "ဘာသာရေးနဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့လုပ်အားအလှူပါ၊ ဒီပွဲမှာ ပရိသတ်ကိုဧည့်ခံပေးမယ်၊ ဈေးဝယ်လာသူတွေ စိတ်ရွှင်လန်းအောင် ပံ့ပိုးပေးတဲ့သဘောပါ၊ ကျွန်တော်ဇွန်၁၀ ရက်မှာ ဘုန်းကြီးဝတ်မယ်၊ သိမ်အလှူ လုပ်မယ်၊ အခုရက်တွေမှာ ကုသိုလ်ရေး အတွက် အချိန်များပါတယ်"ဟု မြန်မာ့အလင်းသို့ဖြေကြားသည်။

ထို့အပြင် လင်းဇာနည်ဇော်က လည်း "သီချင်းဆိုပြီး ဖျော်ဖြေမယ်၊ ဈေးလည်းကူရောင်းမယ်၊ ကိုရီးယား ပစ္စည်းတွေလည်း ကိုယ်တိုင်ဝယ်ပြီးပြီ" ဟု ပြောကြားသွားသည်။

"သီချင်းဆိုပြီး ဖျော်ဖြေမယ်၊ ဈေးလည်းကူရောင်းမယ်"

သရုပ်ဆောင်–လင်းဇာနည်ဇော်

ဓာတ်ပုံ–တင်စိုး

(မြန်မာ့အလင်း)

"နိုင်ငံအချင်းချင်း ပိုမို ချစ်ကြည်ရင်းနှီးမှုရှိလာမှာ ဖြစ်တဲ့ အတွက် စိတ်အား ထက်ထက် သန်သန်နဲ့ ဝိုင်းဝန်းကူညီပေး ခြင်း ဖြစ်ပါတယ်"

သရုပ်ဆောင်–ရီဝေယံ

ဓာတ်ပုံ–တင်စိုး

(မြန်မာ့အလင်း)

ကြိတ်ကြိတ်တိုး

ကရဝိက်နန်းတော်ရှိ ဥတ္တရခန်းမကြီးတစ်ခုလုံး ပစ္စည်းဝယ်ယူသူများနှင့် ပြည့်လျှံစည်ကားနေသည်။ ဝယ်ယူအားပေးမှုမှာလည်း ကြိတ်ကြိတ်တိုး အလုအယက်ဖြစ်လျက်ရှိရာ ဈေးဝယ်ရင်း ကုသိုလ်အလှူလည်းဖြစ်သည့် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး ကုသိုလ်ပြု ဈေးရောင်းပွဲတော်၌ ကိုရီးယားကျောပိုးအိတ်များ၊ လက်ကိုင်အိတ်များ၊ ဖိနပ်များ၊ ဦးထုပ်များ၊ အဝတ်အထည်များ အရောင်အသွေးစုံ၊ ဒီဇိုင်းစုံများကို ဝယ်ယူနိုင်ကြရန် အချိန်မီသွားရောက်သင့်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

3-6 (08).p65 1 1/5/32, 1:47 PM

စာမျက်နှာ ၃ မှ

ထိုအချိန်တွင် အခမ်းအနားမှူးက "ဇယန္တောဇဗောဓိယာမူလေ" အစချီသော အောင်ဂါထာတော် ကိုရွတ်ဆိုပူဇော်သည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်း လိုက်ပြီး အခမ်းအနားအောင်မြင်စွာ ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွှာသွန်းဖြိုးပေးကြသည်။

စိုက်ပျိုးပေး

ထို့နောက် စေတီတော်တနင်္ဂနွေထောင့်အနီးတွင် ကံ့ကော်ပင်နှစ်ပင်ကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က လည်းကောင်း၊ ဗောဓိညောင်ပင်ကို ဦးကြိုင်စန်းရွှေက လည်းကောင်း စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

စိန်ဖူးတော်တင်လှူပူဇော်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဦးကြိုင်စန်းရွှေတို့ စိန်ဖူးတော်ကို စေတီတော် အထွတ်တော်၌ တင်လှူပူဇော်ကြစဉ်။
(သတင်းစဉ်)

ရေနံ့အစမ်းတွင်း တူးဖော်လျက်ရှိသည့် ရခိုင်ကမ်းလွန် လုပ်ကွက်ဧရိယာများအတွင်း ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇွန် ၂

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E & P Myanmar သည် ရခိုင်ကမ်းလွန်၌ ရေနံအစမ်းတွင်းများတူးဖော်လျက်ရှိသည့် ရခိုင်ကမ်းလွန် လုပ်ကွက် အမှတ် (A-1)၌ Processing Facilitiesများ တည်ဆောက်သည့်အခါ အထောက်အကူပြု အချက်အလက်များဖြစ်သည့် ရေအောက်အပူချိန်၊ ပင်လယ်ရေလှိုင်း အမြန်နှုန်းနှင့် အမြင့်တို့အား သိရှိနိုင်ရန်အတွက် ပင်လယ်ရေအောက်ကြမ်းပြင်တွင် တိုင်းတာရေးကိရိယာများကို ၂၀၀၆ ခုနှစ် မေ ၃၁ ရက်မှ ၂၀၀၇ ခုနှစ် မေ ၃၁ ရက်အထိ တစ်နှစ်ပတ်လုံး ထားရှိ တိုင်းတာသွားမည်ဖြစ်သည်။

တိုင်းတာရေးကိရိယာများချထား တိုင်းတာမည့် လုပ်ကွက်အမှတ် (A-1)၏ ဧရိယာတည်နေရာများမှ Point-1မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၁မိနစ် ၅၀၁သမ၅၀စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၀မိနစ် ၁၂ ဒသမ၂၈စက္ကန့်၊ Point-2မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၂မိနစ် ၄၅ဒသမ ၁၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၀မိနစ် ၅၀ဒသမ၃၄စက္ကန့်၊ Point-3 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၃မိနစ် ၃၉ဒသမ၁၈စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ဒီဂရီ ၂၉မိနစ် ၂၄ဒသမ၆၅စက္ကန့်နှင့် Point-4 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၂မိနစ် ၄၄ဒသမ၈၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၂၈မိနစ် ၄၆ဒသမ ၃၄စက္ကန့်တို့အတွင်းတွင် ဖြစ်သည်။

အသိပေးကြေညာ

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ်(A-1)တွင် ပင်လယ်ရေအောက်ကြမ်းပြင်၌ တိုင်းတာရေးကိရိယာများ ချထားတိုင်းတာစဉ်ကာလအတွင်း တိုင်းတာရေးပစ္စည်းများပျက်စီးမှုမှ ကာကွယ်နိုင်ရန်အတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာအတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားသည်။ ထို့ကြောင့် သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း၁၀၂၂သန်း ထုတ်လုပ်ပြီး ဓာတ်အားကွန်ရက်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ပို့လွှတ်ဖြန့်ဖြူးသွားမည်

ရန်ကုန် ဇွန် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များလိုက်ပါ၍ မေ ၂၉ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ရွှေလီမြစ်ပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဓာတ်အားလိုင်းသွယ်တန်းရေး၊ တာဝါတိုင်တပ်ဆင်တည်ဆောက်ရေး၊ ဓာတ်အားခွဲရုံတည်ဆောက်ရေးစသည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းရှိ တမံအုတ်လမ်းကြောင်းရှင်းလင်းတူးဖော်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်အထွက်၊ ရေလွှဲဥမင်အဝင်နှင့် ရေယူဥမင်လိုဏ် တူးဖော် ဖောက်လုပ် ပြီးစီးမှုအခြေအနေ၊ ဓာတ်အားပေး စက်ရုံတည်ဆောက်ရန် မြေသားရှင်းလင်းခြင်း၊ မြေတားနံရံ ကွန်ကရစ်လောင်းခြင်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၁၀၀ မဂ္ဂါဝပ် အင်အားရှိ ဓာတ်အားပေးစက်ရုံခြောက်လုံး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀၀ မှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၀၂၂ သန်း ထုတ်လုပ်ပြီး (၂၃၀) ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်း မိုင် ၁၈၀ (ရွှေလီ-မန်ဆန်-ရွှေစာရံ) ဖြင့် ဓာတ်အားကွန်ရက်စနစ်မှ တစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ထို့နောက် မူန်းလွှဲပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ဖြည့်စွက်ဆွေးနွေး

ယင်းနောက် မြို့နယ်အသင်း အတွင်းရေးမှူး ဦးထွန်းအောင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များက မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တင်ပြရာ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းကလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ တွဲဖက်အထွေထွေ အတွင်းရေးမှူးသည် ညနေပိုင်းတွင် မူဆယ်ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေ အတွင်းရေးမှူးသည် ညနေပိုင်းတွင် ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံသည်။

ဆက်လက်၍ တွဲဖက်အထွေထွေ အတွင်းရေးမှူးသည် ညနေပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ပြည်နယ်/ခရိုင်/မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ပြည်နယ် တွဲဖက် အတွင်းရေးမှူး ဒေါက်တာလဆိုင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွဲဖက်အထွေထွေ အတွင်းရေးမှူးက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့်စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာလာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့်အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး၊ ရောဂါများကို ကာကွယ်နိုင်သည်။
၆။ အကြောအခြင်အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှုကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။
၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေသည်။

သို့ဖြစ်ပါ၍ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ကျန်းမာလာစေရန် လူတိုင်း နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အားကစားဝန်ကြီးဌာန

မေ ၃၀ ရက်က အထက (၃) တာမွေမြို့နယ်၌ ကျင်းပသော မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး အခမ်းအနားတွင် တာမွေ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့တို့ ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေး ၆၅ဦးအား ထောက်ပံ့ပစ္စည်းများလှူဒါန်းစဉ်။
(၁၁၅)

မေ ၂၉ရက်က ၂၀၀၆ ခုနှစ် လူသစ်တန်းနှင့် သက်ငယ်တန်း တံခွန်စိုက်ဂျူဒိုပြိုင်ပွဲနှင့် ပဏာမလူရွေးပွဲကို ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်လေ့ကျင့်ရေးစခန်း၌ ကျင်းပရာ တံခွန်စိုက်ဆုရရှိသွားသော ရထားပို့ဆောင်ရေးအသင်းအား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက ဆုပေးအပ်ချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ် နယုန်လဆန်း ၈ ရက် (ဥပုသ်နေ့)
၃-၆-၂၀၀၆ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ သုံးဆယ်ရေလှောင်တမံ
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၆။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၂:၄၅ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း-၁)
၁၃:၃၀ ၈။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၃:၄၀ ၉။ **"ကိုယ်ချင်းစာ"** ပြေတီဦး၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ-ဦးခင်ဇော်)
၁၄:၀၅ ၁၀။ တိုးတက်ပြောင်းလဲမှု ဧကန်စံပြကျေးရွာတင်းတိမ်ရံ
၁၄:၁၅ ၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၃၀ ၁၂။ **"အလံလေးတော့ ကိုင်ပြပါ"** ဖွဲ့နိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၄:၄၀ ၁၃။ ရွှေလီတံတား
၁၄:၄၅ ၁၄။ International News
၁၅:၀၀ ၁၅။ အစီအစဉ်ပြီး၏

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) [အင်္ဂလိပ်စာ]
၁၇:၀၀ ၅။ အကပြိုင်ပွဲ
၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
၁၇:၃၀ ၇။ **"ချစ်လွန်းလို့"** ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၁၇:၃၅ ၈။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ Discovery
၁၈:၅၀ ၁၂။ အရေးပြိုင်ပွဲ
၁၈:၅၅ ၁၃။ မြန်မာမှုပန်းဆယ်မျိုး (ပန်းရန်)
၁၉:၀၀ ၁၄။ တေးဂီတအစီအစဉ်
၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း-၁)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၄၉)
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

တောင်ကြား ကုလားတက်၊ မိန်းမပျက်နှင့် စက်ပျက်နာရီ ဘီဘီစီ

ဘတိုး

နံနက်မိုးသောက် အလင်းရောက်သည်နှင့် တစ်ပြိုင်နက် လင်းကြက်တွန်သံနှင့် ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံတို့သည် ရွာလေးပေါ်သို့ လွှမ်းခြုံသွားတော့သည်။ ဤမြန်မာ့ဓလေ့၊ မြန်မာ့ဟန်၊ မြန်မာ့အသံက နားဝင်ချိုပြီး တစ်ရွာလုံးအဖို့ မနောပီတိ၊ ဂွမ်းဆီထိ ဖြစ်ရသည်။ အိပ်ရာစောစောထပြီး သက်ကြီးရွယ်အိုများက ကြေးစည်သံ တဝေဝေနှင့် ဘုရားရှိခိုး၊ အဖေက နွားစာကျွေး၊ သားက သန့်ရှင်းရေး လုပ်၊ ဇနီးမယားက ထမင်းဟင်းချက်နှင့် ကမ္ဘာတည်သရွေ့ သာယာ ချမ်းမြေ့ခဲ့ရသော မြန်မာ့ရွာကလေးပင်ဖြစ်ပါသည်။ နံနက်မိုးလင်း၍ ဖနာရီထိုးသည်နှင့် တစ်ပြိုင်နက် ကြေးစည်သံတဝေဝေ သံဃာတော်များ ဆွမ်းခံကြွလာကြသည်။ ဒါယကာ ဒါယိကာမများက မိမိတို့ တတ်အားသရွေ့ ဆွမ်းဦးဆွမ်းဖျား လောင်းလှူကြသည်။ သည်လို လှပသာယာမှုမျိုးတွေကို ဘယ်လူမျိုး ဘယ်တန်ဖိုးနှင့်မျှ မလဲနိုင်ပါ။

အခုတော့ နံနက်မိုးလင်း၍ ဖနာရီထိုးပြီဆိုလျှင် ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ စသော ပြည်ပအသံလွှင့် ဌာနများ၏ အလေနတ္တော၊ အမနာပ အသံလွှင့်ချက်များက နံနက်ခင်း၏ သာယာ လှပမှုကို ဖျက်ဆီးနေကြသည်။ တစ်ခါတလေ နားရွက်မှာ တံခါးရွက် တပ်ထားလျှင် ကောင်းမလားဟု စဉ်းစားမိသည်။ ဘီဘီစီ၊ဗွီအိုအေ တို့မှ ပြည်ဖျက်မည့် ဝိုင်းတော်သားများ၏ အသံကို ယုံမှတ်လို့ ပုံအပ်ခဲ့လျှင် ဘဝပျက်ပေလိမ့်မည်။

တောင်ကြား ကုလားတက်၊ မိန်းမပျက်နှင့် စက်ပျက်နာရီဆိုသော ဆိုရိုးစကားကြားဖူးသည်။ ရပ်ရွာတွင် သာရေးအတွက် လူအများ စုဝေးနိုင်ရန် အသုံးပြုရသော ကုလားတက်ကို လူမရောက် သူမရောက် တောင်ကြားတောခေါင်ခေါင်တွင် အသုံးပြုခြင်းသည် အရာမရောက်၊ မိန်းမပျက်နှင့်စက်ပျက်နာရီကတော့ ရှင်းသည်။ တန်ဖိုးမရှိသောအရာ၊ အသုံးမဝင်သောအရာများဖြစ်သည်။ ဘာမှအသုံးမဝင်၊ အသုံးမကျ၊ တန်ဖိုးမဲ့သော လူများ၊ လုပ်ရပ်များကို ရည်ညွှန်းခြင်းဖြစ်သည်။ ယခုတော့ ငယ်ငယ်က ကြားခဲ့ဖူးသောစကားကို တောင်ကြား ကုလားတက်၊ မိန်းမပျက်နှင့် စက်ပျက်နာရီ ဘီဘီစီဟု ဆက်ပြီး ညွှန်းလိုက်ချင်သည်။

ထိုအသံလွှင့်ဌာနများမှ ဝိုင်းတော်သား ထိုလူများမှာလည်း မြန်မာပြည်က မွေးသော မြန်မာ့ရင်သွေးလေးတွေပါ။ အခုတော့ အခြားနိုင်ငံက ခွက်ထဲထည့်ပေးတဲ့ ဒေါ်လာလေး စားပြီး မြန်မာ့ ရွာကလေး ပျက်စီးရာ ပျက်စီးကြောင်း ကလိမ်စေ့ငြမ်းဆင်ကာ မကောင်းသတင်းတွေနဲ့ ရန်ထောင်နေကြသည်မှာ ယိုသူမရှက် မြင်သူရှက်လှပါသည်။ ထိုအဖြစ်ကို မြင်တိုင်း ဟောင်လွန်းသော ခွေးကို ဒီခွေးကလဲကွာ ထမင်းရည်သောက်နေရလို့ပေါ့၊ ဒေါ်လာများ စားရရင် သေအောင်ကိုက်မလားမသိဘူးဆိုသည့် လှတောသားစကား ကို သတိရမိသည်။ တကယ်တော့ ပြည်ပအသံလွှင့်ဌာနများမှ ထိုပုဂ္ဂိုလ်များသည် အတွင်းလှိုက်စားနေသော ခြကောင်၊ လောက်ကောင် များသာဖြစ်သည်။ သူတို့ကတော့ မြန်မာပြည်ကြီးကို ကယ်တင် နေသည်ဟု ဆိုကြသည်။ တကယ်တော့ မြန်မာနိုင်ငံကို ဖယ်ကြဉ် ထားဖို့ ကြိုးစားနေကြခြင်းသာ ဖြစ်ပေသည်။

မိမိတို့ နေ့စဉ် ပြောဆို အသံလွှင့်နေမှုများသည် မှန်၏ မှား၏၊တရား၏ မတရား၏ ပြန်လည်ဆင်ခြင်သင့်ပေသည်။ ဘာသာ တရား အဆုံးအမများနှင့် ညီ မညီ ဆင်ခြင်သင့်ပေသည်။ တိုင်းတစ်ပါး သား အခိုင်းခံဘဝဖြင့် စားရသော ပေါင်မုန့်နှင့် မြန်မာ့ရွာကလေးမှာ စားရသော ငါးပိရည်နှင့် ထမင်းကြမ်း ဘယ်သင်းက ပိုမြိန် ပါသလဲလို့ မေးလိုက်ချင်ပါသည်။ နိုင်ငံခြားက ထောက်ပံ့နေတဲ့ မဝရေစာ ဒေါ်လာရွက် မျက်စိထဲမြင်နေလျှင်တော့ အမှန်နှင့် ဝေးကာ၊ ပိုးသာကုန် မောင်ပုံစောင်းမတတ်သာ ဖြစ်နေမည်။ တိုင်းပြည်ကို တကယ်ချစ်လျှင် မြန်မာ့ရွာကလေးရဲ့ ဘဝဇာတ်ကြောင်းကို ရှေ့တစ်ခေါ် မျှော်ကြည့် နောက်တစ်လှန်ပြန်ကြည့်ကြစေလိုသည်။

လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝတွင်နှစ်ပေါင်းတစ်ရာ ကျော်မျှနေခဲ့ရပါသည်။ ကိုယ့်မြန်မာလူမျိုးအချင်းချင်း ကွဲကြ၊ ပြဲကြ၊ အာဏာလုကြသဖြင့် တောမီးလောင် တောကြောင်လက်ခမောင်းခတ် ဆိုသကဲ့သို့ ကုပ်သွေးစုပ် ဦးနှောက်ဖောက်စားချင်သည့် နယ်ချဲ့ သမားများက မြန်မာပြည်သူပြည်သားအချင်းချင်း သွေးကွဲကြအောင် အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး တိုက်ခဲ့ကြပါသည်။ ပြည်ပ ပယောဂ မရှိလျှင် တိုင်းရင်းသား လူမျိုးပေါင်းတစ်ရာကျော်နေထိုင်သည့် ကျွန်တော်တို့ပြည်သူအချင်းချင်း အေးအတူပူအမျှ အတူလက်တွဲ၍ စည်းစည်းလုံးလုံး အေးအေးချမ်းချမ်း နေထိုင်နိုင်မည်မှာ အမှန်ပင်ဖြစ် သည်။ သို့သော် ထိုကဲ့သို့ ဖြစ်မလာခဲ့ဘဲ နယ်ချဲ့တို့သွေးထိုးသမျှ ယုံခဲ့ကြသဖြင့် စလယ်ဝင် ဖင်မမည်းခင်က ကွဲကြ၊ပြဲကြ ဖြစ်ခဲ့ရသည်။ အာဏာကို ဖြတ်လမ်းနည်းနဲ့ရယူရန် ကြိုးစားမှုကြောင့် လွတ်လပ်ရေး မရမီ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရသည်။ တိုင်းပြည်၏ ပကတိအခြေအနေမှန်ကို မျက်ကွယ်ပြုပြီး အာဏာကို ငမ်းငမ်းတက် လိုချင်ဇောဖြင့် တရားတစ်ဖက်၊ ဓားတစ်ဖက်နှင့် သူပုန်ထလိုက်၊ ဘုရားတရားဖက်လိုက်၊ ခါတော်မီ နိုင်ငံရေးအာဏာယူရန် ကြိုးစား လိုက်နဲ့ ဘဝဇာတ်သိမ်း သွားသူများလည်းရှိခဲ့သည်။ မကြံစည်သင့်၊ မကြံစည်အပ်တာတွေ ကြံခဲ့၊ တွေးခဲ့၊ လုပ်ခဲ့သဖြင့် နိုင်ငံရေးဇာတ်သိမ်း မကောင်းသူတွေ၊ လူမသိ သူမသိ ဘဝနိဂုံးချုပ်ခဲ့ရတာတွေလည်း ရှိခဲ့ကြသည်။

စဉ်းစားကြည့်လျှင် ဒီလိုအခြေအနေတွေ ကြုံရတာ ရှက်ဖို့ ကောင်းပါသည်။ သည်လိုအချိန်တွေကို နှမြောဖို့ ကောင်းပါသည်။ ဒါတွေကို အခုမှပြင်ဖို့၊ ရဖို့ဆိုတာတော့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့ ပါ။ တရားသဘောဖြင့် စဉ်းစားကြည့်လျှင် လူ့ဘဝဆိုတာ အလွန် တရာမှ တိုတောင်းလှပါသည်။ တစ်နေ့ထက်တစ်နေ့ တစ်လ ထက်တစ်လ အသက်တွေကြီးကြီး လာကြပါပြီ။ အသိတရားနှင့် နောင်တတရား ပြိုင်တူရသင့်ကြပါပြီ။

ကိုယ့်အတွက်၊ ကိုယ့်ကြောင့် ကိုယ့်အကြောင်းတရား ကိုယ်ပင်ခံ ကြရပါမည်။ မည်သူ့ကိုမျှ အပြစ်တင်လို့မရပါ။ မိမိတို့ ကိုယ်စီ ကိုယ်စီ ကိုယ့်အချင်းချင်း အုတ်တစ်ချပ်မျှ မလပ်ဘဲ တစည်း တလုံးတည်း ညီညီညွတ်ညွတ်ရှိခဲ့လျှင် ဘယ်မြေခွေးကမှ လာမဆွဲ နိုင်ပါ။

ရောမမြို့ မဆိုထားနှင့် မြန်မာ့ရွာကလေးကိုပင် တစ်နေ့တည်းနှင့် တည်ဆောက်လို့မပြီးပါ။ တပ်မတော် အစိုးရလက်ထက်မှာ အချိန်တို ကာလအတွင်း သာသနိက အဆောက်အအုံများ၊ လမ်းတံတား၊ ဆည် တမံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့တွင်း များ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ အကောင်အထည်ဖော် တည်ဆောက်ခဲ့သည်မှာ အနှစ်၂၀ကျော် အိပ်မောကျနေသူများ ငေးမော ကြည့်ရလောက်အောင် လှပတင့်တယ် ဖွံ့ဖြိုးတိုးတက်လို့နေပါပြီ။

မြန်မာ့ကျေးရွာတွေမှာ သူပုန်သူကန်၊ သူခိုးဓားပြ ဘေးရန်တွေ ကင်းရှင်းပြီး အေးချမ်းစွာ အိပ်စက်နိုင်နေကြပါပြီ။ ခွေးဟောင်တိုင်း ကျီးလန့်စာစား ထကြည့်ရသော ဘဝတွေလည်း ကျန်ခဲ့ပါပြီ။ ဒီလို အခြေအနေတွေကို အပြုသဘောနဲ့ ရှုမြင်ကြရန်လိုပါသည်။ တိုင်းပြည်ရဲ့ အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်နေတဲ့ မျက်နှာကိုမှ မထောက်ဘဲ ဇဝပြည့်နှစ်ရွေးကောက်ပွဲနဲ့ပဲ ကိုင်ပေါက်နေရင်တော့ ကိုင်ပေါက်တဲ့ လူလဲ မောမည်။ ကိုင်ပေါက်ခံရတဲ့ ပစ္စည်းလဲကွဲမည်။ ထိမှန်တဲ့လူလဲ နာကျင်မည်။ မိအေးသုံးခါနာ ဖြစ်မည်။ ပြည်သူတွေလဲ မြေစာပင် ဖြစ်ကြရမည်။

တိုင်းပြည်ကိုချစ်ရင် ကိုယ့်ရင်သွေးလေးတွေ၊ နောင်လာ နောက်သားတွေ ရေခဲနှင်းဆောင်းနေနိုင်ဖို့အတွက် အာဏာကို ငမ်းငမ်းတက်လိုချင်တဲ့ မာန်စွယ်တွေကို ချလိုက်ဖို့လိုပါသည်။ အခု တော့ အဝေးရောက်ရော၊ အနီးရောက်တွေရော ပေါလိုက်တဲ့နိုင်ငံရေး သမားတွေ၊ အာဏာပြန်အပ်ရေး၊ အာဏာလွှဲပေးရေး တောင်းဆိုနေသူ တွေက ဒုနဲ့ဒေး။ ဘဲအုပ်က တစ်ရာနှစ်ရာ၊ မဗေဒါက တစ်ပင်ထဲ ဆိုသလို ဖြစ်နေပြီ၊ အဲဒီမှာတင် တိုင်းပြည်ကောင်းစားဖို့က ဘယ်နား နေမှန်း မသိသေးဘူး၊ အာဏာလုပွဲကြီးဖြစ်ပြီး ကွဲကြ၊ ပြဲကြ ဖြစ်ကုန် မှာတော့ ဗေဒင်မေးရင် ဆန်ကုန်နေလိမ့်မည်။ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုးသွားမည်။ လွတ်လပ်ရေးရဖို့ ကြိုးပမ်းဆောင်ရွက် နေစဉ်မှာ ရွှေရည်စိမ်လွတ်လပ်ရေးဆိုပြီး ကွန်မြူနစ်တွေက တောခိုကြ၊ သူတို့ထဲမှာလဲ အလံနီ၊ အလံဖြူဆိုပြီး ကွဲကြ၊ တိုင်းရင်းသားတွေ ကလဲ နယ်ချဲ့သွေးခွဲမှုကြောင့် တောခိုကြနဲ့ မြန်မာပြည်ရဲ့ နိုင်ငံရေး ဘယ်တုန်းကများ ရေရှည်တည်ငြိမ်ခဲ့လို့လဲ။

နှလုံးသည်းပွတ်ဖြစ်တဲ့ မြန်မာပြည်ရဲ့မြေပုံကို ရှုကြည့်ကြပါ။ အပေါ်ဆုံးက ဦးခေါင်းနဲ့ သရဖူဆောင်းလို့၊ ဝဲယာမှ လက်နှစ်ဖက်၊ အောက်မှာ ခြေထောက်၊ မြပုခက်ပေါ်မှာထိုင်ပြီး အခန့်သား အေးပုခက် စီးနေတာနဲ့တူပါသည်။ လှပတင့်တယ်လိုက်တဲ့ဖြစ်ခြင်း။ အခြား အခြားသော နိုင်ငံတွေရဲ့မြေပုံတွေနဲ့ နှိုင်းယှဉ်ကြည့်ပါ။ မြန်မာ ပြည်ကို မီရဲ့လား၊ မြန်မာပြည်လိုလှရဲ့လား၊ မြန်မာပြည်မှာ သဘာဝ သယံဇာတတွေ ကြွယ်ဝပြီး လုပ်ကိုင်စားစရာ အများကြီးပါ။ နောင်လာ နောက်သား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကမ္ဘာတည်သရွေ့ အတူလက်တွဲပြီး ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် နေထိုင်လုပ်ကိုင် စားသောက် သွားနိုင်အောင် နိုင်ငံတော်အစိုးရကလည်း လိုအပ်တဲ့ အခြေခံကောင်းတွေ တည်ဆောက်ပေးခဲ့ပြီး၊ ပေးနေဆဲဖြစ်ပါသည်။

ဒီလို အေးချမ်းသာယာခေတ်မီ ဖွံ့ဖြိုးတိုးတက်နေတဲ့ အခြေအနေ ကောင်းတွေ ပျက်ပြားအောင်၊ နိုင်ငံတော်ကို အကျပ်အတည်းအမျိုးမျိုး ဖြစ်အောင် ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ကျူးလွန်နေမယ့်အစား လုံခြုံအေးချမ်းတဲ့ အမိမြန်မာပြည်ရင်ခွင်ကို ပြန်လာပြီး တည်ငြိမ်အေး ဆေးစွာဖြင့် အတူတကွ ပူးပေါင်းနေထိုင် သွားကြပါစို့လို့ ဖိတ်ခေါ် လိုက်ပါရစေ။ ။

တိုင်းပြည်ကိုချစ်ရင် ကိုယ့်ရင်သွေးလေးတွေ၊ နောင်လာ နောက်သားတွေ ရေခဲနှင်းဆောင်းနေနိုင်ဖို့အတွက် အာဏာကို ငမ်းငမ်းတက်လိုချင်တဲ့ မာန်စွယ်တွေကို ချလိုက်ဖို့လိုပါသည်။ အခုတော့ အဝေးရောက်ရော၊ အနီးရောက်တွေရော ပေါလိုက်တဲ့ နိုင်ငံရေးသမား တွေ၊ အာဏာပြန်အပ်ရေး၊ အာဏာလွှဲပေးရေး တောင်းဆိုနေသူတွေက ဒုနဲ့ဒေး။ ဘဲအုပ်က တစ်ရာနှစ်ရာ၊ မဗေဒါက တစ်ပင်ထဲ ဆိုသလို ဖြစ်နေပြီ၊ အဲဒီမှာတင် တိုင်းပြည်ကောင်းစားဖို့က ဘယ်နား နေမှန်း မသိသေးဘူး၊ အာဏာလုပွဲကြီးဖြစ်ပြီး ကွဲကြ၊ပြဲကြ ဖြစ်ကုန်မှာတော့ ဗေဒင်မေးရင် ဆန်ကုန်နေလိမ့်မည်။ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုးသွားမည်။

ကြိုဆိုနှုတ်ဆက်

ဇွန် ၂ ရက်က အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား အီတလီ သမ္မတနိုင်ငံ သံအမတ်ကြီး H.E Dr. Raffaele Miniero နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

သဲအင်းဂူအဝိဇ္ဇာန်စခန်းပွဲနှင့် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီးတွင် မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မသာမိ (ကျောက်ပန်းတောင်း) အရှင်သူမြတ်ကိုယ်တိုင် ဇွန် ၁၁ ရက်မှ ၁၈ ရက်အထိ ခုနစ်ရက်တရားစခန်းဖွင့်၍ ဝိပဿနာအလုပ်ပေးတရားတော်များ ဟောကြားပြသမည်ဖြစ်ပြီး ကျေးဇူးရှင် မူလသဲအင်းဂူဆရာတော်ကြီးအား ပူဇော်ပွဲအခမ်းအနားကို နှစ်စဉ် ကျင်းပမြဲအတိုင်း ဇွန်၁၂ရက်(တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ကျင်းပသွားမည်ဖြစ်၍ ကြွရောက်ပူဇော်နိုင်ပါရန်နှင့် စခန်းဝင် ယောဂီများ ဇွန် ၁၀ရက် (စနေနေ့)ညနေ ၅နာရီ မှတ်ပုံတင်ကတ်ပြားများနှင့် စာရင်းသွင်းနိုင်ပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

The Commerce Journal အတွဲ (၆)၊ အမှတ်(၁၀)ဖြန့်ချိ

ရန်ကုန် ဇွန် ၂

The Commerce Journal အတွဲ (၆)၊ အမှတ်(၁၀)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါ ဂျာနယ်၌ နေပြည်တော်မှာ ပို့ကုန်သွင်းကုန် လိုင်စင်ထုတ်ပေးတော့မည်။ ပို့ကုန်သွင်းကုန်လိုင်စင်လုပ်ရာတွင် ပွဲစားမလာရ၊ နိုင်ငံခြားငွေရနေတဲ့ မြန်မာ့တံမြက်စည်း၊ ပို့ကုန်သွင်းကုန် လျင်မြန်သွက်လက်စေရေး One Stop Service ဖွင့်လှစ်၊ မသိသူကျော်သွား သိသူဖော်စား ပင်လယ်နှမ်း၊ စပျစ်သီးအစေ့ဆီ သွေးတိုးရောဂါသက်သာ၊ မူပိုင်ခွင့်ပြဿနာများကို ဥပဒေကြောင်းအရ ဖြေရှင်းရေး၊ အောင်မြင်ချမ်းသာနည်း ၁၀၀၊ ဂျာမန်ဘောလုံးသမား ဖက်ရှင်ပြပွဲ၊ သူကြွယ်များကိုကြည့်ရှုခြင်း၊ ရောင်းရောင်းစားစား ကကတစ်ငါး၊ တရုတ်ပြည်မှာ အချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်လာသူ၊ ကြော်ငြာဆိုတာ စသည့်သတင်းများအပြင် မောင်စူးစမ်း၊ အောင်သင်း၊ မောင်ဆုရှင်၊ ဦးကျော်အေး၊ ကြည်မင်း၊ မောင်တိုင်ပင်၊ ကြည်ရွှန်း၊ ဟံသာထွန်း၊ မောင်ပုဆိုးကြမ်း၊ ကျွန်းသားမေန်းနှင့် သိန်းမြသိန်းတို့၏ ဆောင်းပါးများ၊ ပြည်တွင်းဈေးကွက်သတင်း၊ အာရှ ဆန်ဈေးနှုန်းအခြေအနေ၊ အိန္ဒိယပဲနှင့် အခြားသီးနှံဈေးနှုန်းနှင့် ပို့ကုန်လိုင်စင် ခွင့်ပြုခဲ့သည့် ဈေးနှုန်းသတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ်၃၈ လမ်း၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန်က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စံပြမူကြိုဆရာအတတ်ပညာရေးသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန စံပြမူကြို ကြီးကြပ်ရေးကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စံပြမူကြိုဆရာအတတ်ပညာရေး သင်တန်းအပတ်စဉ် (၁၁)ကို ဇူလိုင် ၃ရက်မှ ၂၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄နာရီအထိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ဇွန် ၁၂ရက်မှစ၍ အထက်ပါဌာနတွင် လျှောက်ထားနိုင်သည်။

အဆိုပါသင်တန်းတွင် မူကြိုပညာရေးနည်းပညာ သင်ရိုးများကို လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် သင်ရိုးများနှင့်အညီ အခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် ပြင်ပမှမူကြိုပညာရေးကို စိတ်ပါဝင်စားသူများအား သင်ကြား ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပညာဒါနအစီအစဉ်နှင့် နိုင်ငံတကာအသိအမှတ်ပြုသင်တန်းများအကြောင်းရှင်းလင်း

ရန်ကုန် ဇွန် ၂

Ocean Gate သင်တန်းကျောင်းက အခြေခံကွန်ပျူတာသင်တန်းကို အခမဲ့သင်ကြားပေးသည့် ပညာဒါန အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားသွားမည့် နိုင်ငံတကာအဆင့်မီ သင်တန်းများအကြောင်း ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ Ocean Gate သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ ဧည့်သည်များ၊ ပညာရေးကို စိတ်ဝင်စားသော ကျောင်းသားကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ Ocean Gate သင်တန်းကျောင်းဥက္ကဋ္ဌ ဦးထင်အောင်ခိုင်က နှုတ်ခွန်းဆက်စကား **(ယာပုံ)** နှင့် သင်တန်းကျောင်းဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး Chief Operating Officer ဦးသိန်းစိုးက ပညာဒါနအစီအစဉ်နှင့် City & Guilds ၏ နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာသင်တန်းများအကြောင်းကို လည်းကောင်း၊ ဂရပ်ဖစ်ဒီဇိုင်းနာ ကိုလင်း (Stars)က လုပ်ငန်းခွင်အသုံးချ Advanced Graphic Design သင်တန်းအကြောင်းကို လည်းကောင်း၊ ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားကြသည်။

ဖြေကြား

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသော မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ပညာဒါနအစီအစဉ်မှာ သင်တန်းကျောင်းတည်ထောင်ခြင်း ၁၈လပြည့် အထိမ်းအမှတ်အဖြစ် အခြေခံကွန်ပျူတာသင်တန်းကို အခမဲ့သင်ကြားပေးမည်ဖြစ်သည်။ ဇွန်နှင့် ဇူလိုင်နှစ်လတို့ အတွင်းတွင် သင်တန်းသားဦးရေ၉၀အထိ တက်ရောက်သင်ကြားခွင့်ပေးမည်ဖြစ်ရာ တက်ရောက်လိုသူများအနေဖြင့် သင်တန်းကျောင်းသို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြသည်။

တိုးချဲ့ဖွင့်လှစ်

Ocean Gate သင်တန်းကျောင်းတွင် ကွန်ပျူတာနှင့် အိုင်တီနည်းပညာရပ်များနှင့် ပတ်သက်၍ အခြေခံမှစပြီး နိုင်ငံတကာအဆင့်အထိ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ City & Guilds ၏ အိုင်တီ ဒီပလိုမာသင်တန်းများကို ထပ်မံတိုးချဲ့ ဖွင့်လှစ်လိုက်ခြင်း ဖြစ်သည်။

အဆိုပါ သင်တန်းများသည် လုပ်ငန်းခွင်ဝင် အသက်မွေးဝမ်းကျောင်းလက်မှတ်များဖြစ်ရာ လုပ်ငန်းခွင်ဝင်ရောက်လိုသူများနှင့် အဆင့်မြင့်ပညာရပ်များကို ဆက်လက်တက်ရောက်လိုသူများ တက်ရောက်သင့်သော သင်တန်းဖြစ်သည်။

Advanced Graphic Design သင်တန်းမှာလည်း ယခုအခါတွင်ကျယ်ခေတ်စားလာသော မီဒီယာနယ်ပယ်အသီးသီးတွင် အရေးပါသည့် ဒီဇိုင်းနာများ မွေးထုတ်ပေးနိုင်ရန်အတွက် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

လက်တွေ့လုပ်ငန်းခွင်တွင် လုပ်ကိုင်ကြရာ၌ လိုအပ်လာသည့် အချက်များကို အခြေခံကာ ဝါရင့်ဒီဇိုင်းနာများကိုယ်တိုင် လက်တွေ့ကျကျ သင်ကြားပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အသေးစိတ် သိရှိလိုပါက သင်တန်းကျောင်းတည်ရှိရာ အမှတ် ၃၅၅ အခန်း၂၀၆ (သိမ်ဖြူဈေးမှတ်တိုင်အနီး) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၁၃၀ သို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများလှူဒါန်း

ရန်ကုန် ဇွန် ၂

ရန်ကုန်(အရှေ့ပိုင်း)ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ဦးဆောင်ကြီးကြပ်မှုဖြင့်မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မင်္ဂလာတောင်ညွန့် အထက(၁)ကျောင်းခန်းမတွင် မေ၃၀ရက်က ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့်အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူကလေးများအားကျောင်းဝတ်စုံ၊စာရေးကိရိယာနှင့် ပံ့ပိုးငွေများ ပေးအပ်ကြသည်။ **(အပေါ်ယာပုံ)**

ထောက်ပံ့လှူဒါန်း

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးများအတွက် ရပ်ကွက်(၂၀)မှ ဥက္ကဋ္ဌများနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ကျောင်းဝတ်စုံများအတွက် ပံ့ပိုးငွေ ကျပ် ၇၁၀၀၀၀ ထောက်ပံ့လှူဒါန်းခဲ့သည်။

(၂၅၉)

မေ၂၇ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မလစ်အရှေ့အုပ်စု အဝိုင်းအရှေ့ကျေးရွာရှိ လင်းရောင်ခြည်ရပ်ရွာ ပညာပဒေသာ စာကြည့်တိုက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် အဖွဲ့ဝင်(၂) ဦးလှသိန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၀၆(စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဆရာဦးမြင့်လွင်(သန့်-တည်-ပွား)ဟောပြောဆွေးနွေးသော "အပါယ်ပိတ်တရား" (အပိုင်း-၅) အပါယ်ပိတ်အောင် ကြိုးစားကြပါစို့
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	Language Lab (အထက-၁၊ ဒဂုံ)
၇း၅၀	တေးဂီတအစီအစဉ်
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	ငွေကြယ်ပွင့်တို့၏ဖြစ်တည်မှု (အဲလက်စ်နှင့် သူ၏အနုပညာခရီးလမ်း)
၈း၄၀	သစ်သီးပန်းပု လက်မှုအနုပညာ
၈း၅၀	မိုးလေဝသအခြေအနေ
၈း၅၅	World Cup Special (Group-A)(နေအောင်သန့်)
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅	စိတ်ဝင်စားဖွယ်ရာမျက်လှည့်ပညာ
၉း၅၅	ဘောလုံးသမားဘက်ခမ်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀	ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	ဆန်စက်ဖွံ့ဖြိုး ဒို့ပြည်အကျိုး
၁၁း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဘာရာဇီး၌ အက်ဒ်မီဆင် မပါနိုင်

ဘာရာဇီးကွင်းလယ်ကစားသမား အက်ဒ်မီဆင်သည် ညာဘက်ဒူးဆစ် ဒဏ်ရာရသွားသဖြင့် ကမ္ဘာ့ဖလားနှင့် လွဲလိမ့်မည်ဟု ဆိုသည်။

အသက် ၂၉ နှစ်အရွယ်ရှိ အဆိုပါ ကွင်းလယ်ကစားသမားသည် မေ ၂၉ ရက်က လေ့ကျင့်ရေးကွင်း၌ ဒူးဆစ်ဒဏ်ရာရခဲ့သဖြင့် မေ ၃၁ ရက်တွင် ဓာတ်မှန်ရိုက်ကြည့်ရာ ယင်း၏ လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံအသင်းမှ ပြန်ရလိမ့်မည် ဖြစ်သည်။

နောက်တန်းလည်း ကစားနိုင်သော အက်ဒ်မီဆင်နေရာတွင် ဆာပေါလိုအသင်းမှ မင်နီယိုးအား အစားထိုးလိမ့်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



ဘာရာဇီး ကွင်းလယ်ကစားသမား အက်ဒ်မီဆင်။

ဂျပန်နောက်တန်းလူ ကာဂျီး ဒဏ်ရာ ပြန်ကောင်းလာပြီ

ဂျပန်နောက်တန်း ကစားသမား အီကီယာကာဂျီးသည် ကမ္ဘာ့ဖလား အဖွင့်ပွဲကစားမည့် ဇွန် ၁၂ ရက် ဩစတြေးလျနှင့်ပွဲတွင် ပါဝင်ကစားနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

၎င်းသည် မေ ၃၀ ရက်က ဂျပန်နှင့် ပွဲတွင် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့ရာမှ ပြန်ကောင်းလာပြီဖြစ်ကြောင်း ဂျပန်အသင်း ဆရာဝန် မိုရီကာဝါက ပြောကြားသည်။

ကာဂျီး၏ သတင်းကောင်း ကြားရသဖြင့် ဂျပန်နည်းပြဇစ်ကို စိတ်ချမ်းသာရာ ရရှိသွားသည်။ နောက်တန်းလူ တာကာနာလည်း ဂျာမနီသို့မသွားမီ လေ့ကျင့်ရေးကွင်း၌ ဝဲဘက်ပေါင် ဒဏ်ရာရထားသည်။

(အင်တာနက်)

ဂျပန် နောက်တန်းကစားသမား ကာဂျီး။

အင်္ဂလန်အသင်း ပယ်နယ်တီသေချာရဲ့လား

အင်္ဂလန် ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ဟန်ဂေရီနှင့်ပွဲတွင် ပယ်နယ်တီလွဲချော်သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပယ်နယ်တီဂိုးများကို သေချာပေါက်ရယူမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

လမ်းပတ်၏ ပယ်နယ်တီကန်ချက်ကို ဟန်ဂေရီဂိုးသမား ဂိုဘာဘီရာလီ ကာကွယ်လိုက်နိုင်သည်။ သို့ရာတွင် အင်္ဂလန်က သုံးဂိုး-တစ်ဂိုးဖြင့် ဟန်ဂေရီကိုနိုင်ခဲ့သည်။ သို့သော်လည်း လမ်းပတ်သည် ပယ်နယ်တီတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရန် လိုအပ်သည်ဟု ဆိုသည်။

လမ်းပတ်သည် ယခင်ပယ်နယ်တီ ၁၆ ကြိမ်ကန်ခဲ့ရာမှာ ယခုပယ်နယ်တီ ကန်သွင်းမှုတစ်ခုသာလျှင် လွဲခဲ့သူဖြစ်သည်။ ယင်းကဲ့သို့ ပယ်နယ်တီလွဲခြင်းမှာ လေ့ကျင့်မှုမရှိ၍ ဖြစ်ခဲ့ရကြောင်း လမ်းပတ်က ဝန်ခံခဲ့သည်။ အင်္ဂလန်အသင်းသည် ချစ်ကြည်ရေးပွဲအဖြစ် ဂျမေကာအသင်းနှင့် ဇွန် ၃ ရက်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(အင်တာနက်)**

ဟန်ဂေရီအသင်းနှင့်ကစားရာတွင် လမ်းပတ် ဤသို့ ပယ်နယ်တီကန်သွင်းခဲ့သည်။

ပြင်သစ်၏ ကမ္ဘာ့ဖလားမျှော်လင့်ချက် ချစ်ကြည်ရေးပွဲများဖြင့် စိတ်ဓာတ်မြှင့်တင်

ကမ္ဘာ့ဖလားပွဲကြိုအဖြစ် ပြင်သစ်အသင်းက ဒိန်းမတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ကမ္ဘာ့ဖလားမျှော်လင့်ချက်ကို မြှင့်တင်နိုင်ချိန်တွင် အီတလီက ၎င်း၏အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်လာသော ဆွစ်ဇာလန်ကို တစ်ဂိုးစီ သရေကျခြင်းဖြင့် ရှန်းကန်နေရသည်။

ပြင်သစ်အသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး အွန်နရီက တစ်ဂိုး၊ ဝီလ်တော့ဒ်က တစ်ဂိုးသွင်းပေးခြင်းဖြင့် ၁၉၉၈ ခုနှစ်က ကမ္ဘာ့ဖလားဖိုလ်စွဲခဲ့သည့် ပြင်သစ်အသင်း၏စိတ်ဓာတ်ကို မြှင့်တင်ပေးလိုက်သည်။

ပြင်သစ်အသင်းသည် လွန်ခဲ့သော သီတင်းပတ်ကလည်း မက္ကဆီကိုအသင်းကို ပါရီမြို့၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

ယခုချစ်ကြည်ရေးပြိုင်ပွဲများ အနိုင်ရမှုသည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အင်အားကိုဖြစ်စေကြောင်း၊ ယင်းရလဒ်များကို ကမ္ဘာ့ဖလားသို့အရောက် ဆောင်ကြဉ်းသွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြင်သစ်နည်းပြ ရေးမွန်ဒိုမီနက်ဇ်က ပြောကြားသည်။ **(ဗန်ကောက်ပို့စ်)**

ယွန်းဘတ် ကမ္ဘာ့ဖလားကစားရန်အသင့်

ဆွီဒင်ကွင်းလယ်ကစားသမား ဖရက်ဒရစ်ယွန်းဘတ်၏ ခြေထောက်ဒဏ်ရာမှာ ပြန်ကောင်းလာပြီး ချီလီနှင့် ချစ်ကြည်ရေးပွဲအဖြစ် ဇွန် ၂ ရက်တွင် ယှဉ်ပြိုင်ကစားချိန်တွင် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အာဆင်နယ်ကစားသမား ယွန်းဘတ်သည် လွန်ခဲ့သော ခုနစ်ပတ်က ခြေထောက် သွေးကျနေ၍ ဘောလုံးကစားခြင်းမှ အနားယူခဲ့သည်။

အသက် ၂၉ နှစ်အရွယ်ရှိ ယွန်းဘတ်သည် အဆိုပါ ချစ်ကြည်ရေး ပွဲစဉ်တွင် ပထမပိုင်း ပါဝင်မည်ဖြစ်သည်။ ၎င်းနှင့်အတူ ဆွီဒင်အသင်းတွင် တိုက်စစ်မှူး ဇလတ်တန်အီဘရာ ဟီမိုဗစ်နှင့် ဟင်နရစ်လာဆင်တို့လည်း ပါဝင်ကစားမည် ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဆွီဒင် ကွင်းလယ်ကစားသမား ယွန်းဘတ်။

ပါရာဂွေးတိုက်စစ်မှူးဆန်တာခရုဇ် အင်္ဂလန်အသင်းကို ရင်ဆိုင်ရန်အသင့်

ပါရာဂွေးတိုက်စစ်မှူး ဆန်တာခရုဇ် ဇွန် ၁၀ ရက်တွင် အင်္ဂလန်အသင်းနှင့် ကစားမည့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် ပါဝင်ရန်အသင့်ဟု ဆိုသည်။

အသက် ၂၄ နှစ်အရွယ်ရှိ အဆိုပါတိုက်စစ်မှူးသည် ဒူးဆစ်ဒဏ်ရာကြောင့် တနင်္ဂနွေနေ့က လေ့ကျင့်ရေးကွင်း မဆင်းနိုင်ခဲ့ပေ။

သို့ရာတွင် ပါရာဂွေးနည်းပြ အနီဘာကွက်ဇ်က အဆိုပါ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူးသည် ကမ္ဘာ့ဖလားပွဲတွင် သေချာပေါက် ပါဝင်ကစားမည်ဖြစ်ကြောင်း ပြောကြားသည်။

၎င်းသည် လွန်ခဲ့သည့်နှစ် အောက်တိုဘာလက ဒူးဆစ်အရွတ် ဒဏ်ရာပြင်းထန်စွာ ခံစားခဲ့ရသူဖြစ်သည်။ ၎င်းသည် နိုင်ငံတကာပွဲပေါင်း ၄၂ ပွဲ ကစားပြီး ၁၃ ဂိုး သွင်းပေးထားသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ကမ္ဘာ့ဖလား အကြို

ပြင်သစ် အသင်းသားများ ဒိန်းမတ်အသင်းကို အနိုင်ရပြီး အောင်ပွဲ ခံနေစဉ်။

ဘာရာဇီး နောက်တန်းလူ ရော်ဘတ်တိုကားလို့စ်။

ရော်ဘတ်တိုကားလို့စ်အား မော်ရင်ဟိုက ခေါ်လိုပြန်

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ရီးရဲမက်ဒရစ်မှ ဘယ်တောင်ပံနောက်တန်းလူ ရော်ဘတ်တိုကားလို့စ်အား စာချုပ်လိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ရော်ဘတ်တိုသည် အသက် ၃၃ နှစ် ရှိပြီဖြစ်သည်။ သို့ရာတွင် အကောင်းဆုံးကစားနိုင်သေးသည့် အခြေအနေရှိသည်။

ချယ်လ်ဆီးက သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း၊ ကမ္ဘာ့ဖလားမတိုင်မီ အဖြေပေးလိမ့်မည်ဖြစ်ကြောင်း ကားလို့စ်က ပြောကြားသည်။ ဘာရာဇီးဘောလုံးသမား ကားလို့စ်သည် ရီးရဲမက်ဒရစ်အသင်းသို့ ၁၉၉၆ ခုနှစ်က ရောက်ရှိပြီးနောက် လာလီဂါဖလား သုံးလုံး ဆွတ်ခူးရာတွင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

(အင်တာနက်)

ပါရာဂွေး တိုက် စစ် မှူး ဆန်တာခရုဇ်။

ကမ္ဘာ့ဖလားယှဉ်ပြိုင်မည့် ဘောလုံးအသင်းများ၏အခြေအနေ

ဒုတိယဆင့်မှ ထွက်နိုင်ဖွယ်ရှိအသင်းများ

ပိုလန်၊ ဆွီဒင်၊ ဆားဘီးယားနှင့်မွန်တီနီဂရိုး၊ မက္ကဆီကို၊ အီတလီ၊ ခရိုအေးရှား၊ ဆွစ်ဇာလန်နှင့် ယူကရိန်း။

အောက်ဆုံး ၁၆ သင်း

ကော့စတာရီကာ၊ အီကွေဒေါ၊ ပါရာဂွေး၊ ထရီနီဒက်နှင့် တိုဘာဂို၊ ဟော်လန်၊ အိုင်ဗရီကို့စ်၊ အီရန်၊ အင်ဂိုလာ၊ အမေရိကန်၊ ဂါနာ၊ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယား၊ တိုဂို၊ ဆော်ဒီအာရေဗျနှင့် တူနီးရှားတို့ ဖြစ်ကြသည်။ **(စထရိတ်တိုင်းမ်)**

ကမ္ဘာ့ဖလားအုပ်စု(ဂ)၌ အာဂျင်တီးနား အုပ်စုပိုလ်ဖြစ်နိုင် သို့သော် နယ်သာလန်ကို ခက်ခက်ခဲခဲဖြတ်ကျော်ရဖွယ်ရှိ

ဘာလင် ဇွန် ၂

ကမ္ဘာ့ဖလားအုပ်စု(ဂ)၌ အုပ်စုဗိုလ်စွဲမည်ဟု ရေပန်းအစားဆုံးမှာ အာဂျင်တီးနားပင်ဖြစ်သည်။တောင်အမေရိကဇုန်၌ လက်ရှိကမ္ဘာ့ချန်ပီယံဘရာဇီးကို ကျော်လွှားပြီး အုပ်စုပထမနေရာ ရယူခဲ့သည်မှာ တော်ရုံခြေစွမ်းမဟုတ်ချေ။ ခြေစစ်ပွဲ၌ဘရာဇီးကို အိမ်ကွင်းတွင် သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ယူခဲ့သည်မှာလည်း လက်ရှိအာဂျင်တီးနား၏ ခြေစွမ်းကို ဖော်ပြနေသည်။

အဓိကပါဝင်

အာဂျင်တီးနားအသင်း ၁၉၇၈ နှင့် ၁၉၈၆ခုနှစ်များ၌ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့ဖူးရာ ကမ္ဘာ့ကျော် မာရာဒိုနာကြောင့်ဟုသတ်မှတ်ထားကြသော်လည်း အာဂျင်တီးနားတို့၏ တစ်ဦးချင်းစွမ်းရည်ထက်မြက်မှုနှင့်ဘောလုံးအထိန်းအသိမ်း ကျွမ်းကျင်မှုများကလည်း အဓိကပါဝင်လျက်ရှိသည်။

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား၌ ဗိုလ်စွဲမည်ဟု ရေပန်းစားနေသည့် အသင်းများတွင် အာဂျင်တီးနားတို့ ပါဝင်ကစားလျက်ရှိရာ နောက်တန်း၊ အလယ်တန်းနှင့် ရှေ့တန်းပြည့်စုံမျှတသော ဘောလုံးအသင်းမှာ အာဂျင်တီးနားပင် ဖြစ်နေသည်။ ကမ္ဘာ့ ဖလား အုပ်စု(ဂ)၌ အာဂျင်တီးနားတို့ အဓိက ပြိုင်ရမည်မှာ နယ်သာလန် အသင်းပင် ဖြစ်သည်။ ထို့အတူ တောင်အမေရိကဇုန်တွင် တိုက်စစ်နှင့်ခံစစ်ညီညွတ်မျှတသည့် အသင်းမှာ အာဂျင်တီးနားအသင်းပင် ဖြစ်သည်။

အာဂျင်တီးနားအသင်း နည်းပြဟိုဆေးပီကာမန်က ဥရောပ၌ ကစားနေသော ဘောလုံးသမားများနှင့် ပြည်တွင်းဖြစ် ဘောလုံးသမားများကို အချိုးညီစွာ ပေါင်းစပ်ဖွဲ့စည်းထားသဖြင့် အသက်အရွယ်၊ အတွေ့အကြုံများမှာလည်း တန်းဝင်အဆင့်အတန်းရှိနေသည်။

သို့သော် ကမ္ဘာ့ဖလားသမိုင်းတွင်

အာဂျင်တီးနား နည်းပြ

အာဂျင်တီးနား နည်းပြ ဟိုဆေး ပီကာမန်။

(ဓာတ်ပုံ–အင်တာနက်)

နယ်သာလန်တို့ အာဂျင်တီးနားလောက် မှတ်တမ်းမကောင်းချေ။ အာဂျင်တီးနား၏ ကွင်းလယ်တွင် ရီကွယ်လ်မီး၊ တိုက်စစ်တွင် ခရက်စပိုတို့မှာ တစ်ဖက်အသင်း နောက်တန်းကို အချိန်ပြည့် ခြိမ်းခြောက်နိုင်သူများဖြစ်ပြီး ကြုံသလို ဂိုးသွင်းနိုင်ကြသူများလည်းဖြစ်သည်။

ခြေစစ်ပွဲရလဒ်များအရ သာမက လက်ရှိခြေစွမ်းအနေဖြင့် အာဂျင်တီးနားတို့ အုပ်စု(ဂ)၌ အုပ်စုဗိုလ်ဖြစ်ရန် အလားအလာ ကောင်းနေသည်။ အုပ်စု(ဂ)၌ အုပ်စုမှတက်ရန် နာမည်ကြီးသော အသင်းမှာ နယ်သာလန်ဖြစ်သည်။

ခြေစွမ်းပြအနိုင်ယူ

နယ်သာလန်တို့ ဥရောပဇုန်အုပ်စု(က)တွင်အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်ခဲ့ပြီး တိမ်းမှူးဖွယ်ရာ ကစားကွက်များနှင့် တစ်ဖက်အသင်းများကို ကျော်ဖြတ်ပြီး ခြေစွမ်းပြ အနိုင်ယူခဲ့ခြင်း ဖြစ်သည်။

နယ်သာလန်နည်းပြ မာကိုဗန်ဘက်စတင်သည် နယ်သာလန်အသင်းကို နယ်သာလန် ဂန္တဝင်ကစားသမား ဂျိုဟန်ခရိုက်လက်ထက်က အောင်မြင်ခဲ့သည့် Total Football ကစားပုံကို ပြန်လည်အသက်သွင်းကစားနိုင်လျက်ရှိသည်။

နယ်သာလန်အသင်းကမ္ဘာ့ဖလားသမိုင်း၌ ၁၉၇၄– ၁၉၇၈ ကမ္ဘာ့ဖလားပြိုင်ပွဲများ၌ ဒုတိယရရှိခဲ့ဖူးပြီး ကမ္ဘာ့ဖလားပွဲတိုင်း အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲအထိရောက်နိုင်မည့် အသင်းများတွင် အမြဲတမ်း ပါဝင်သတ်မှတ်ခြင်း ခံရသော အသင်းလည်းဖြစ်သည်။

စုစည်းမှုအားကောင်း

ကမ္ဘာ့ကျော်ဘောလုံးသမားများ အများစုပါဝင်သည့် နယ်သာလန်အသင်းသည် တစ်သင်းလုံး လျင်လျင်မြန်မြန် တိုက်စစ်ဖွင့် ကစားတတ်မှုကြောင့် ပြိုင်ဘက်အသင်းများ အလေးထားနေရသည့် အသင်းလည်း ဖြစ်သည်။ နည်းပြမာကိုဗန်ဘက်စတင်က နယ်သာလန်အသင်းကို ကမ္ဘာ့ဖလား နောက်ဆုံး ဗိုလ်လုပွဲအထိ ရောက်အောင် စွမ်းဆောင်ပေးသွားမည်ဟု ပြောကြားနေပြီး အသင်းလိုက် စုစည်းမှု အားကောင်းအောင်လည်း လေ့ကျင့်ပေးလျက်ရှိသည်။



ရော်ဘင်

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် နယ်သာလန် အသင်း၏ အားထားရမည့် ဘောလုံးသမား အာဂျန်ရော်ဘင်။

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

စုစည်းသုံးသပ်သူ

မောင်မောင်မြင့်ဆွေ

၁၉၇၄ ခုနှစ်က ဂျာမနီမြေတွင် နယ်သာလန်တို့ နောက်ဆုံးဗိုလ်လုပွဲအထိ ရောက်နိုင်ခဲ့သည်ဖြစ်ရာ တစ်ကျော့ပြန်အဖြစ် နယ်သာလန်တို့အောင်ပွဲခံနိုင်မည့် အနေအထားရှိနေသည်။ အုပ်စု(ဂ)၌ အာဂျင်တီးနားနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ရမည်မှာ နယ်သာလန်အသင်းသာရှိရာ ဆားဘီးယားနှင့်မွန်တီနီဂရိုး၊အိုင်ဗရီကို့စ်တို့မှာ အာဂျင်တီးနား၊ နယ်သာလန်တို့နှင့် စာပါက ခြေရည်ကွာလျက်ရှိသည်။

ပံ့ပိုးထောက်ကူပေး

နယ်သာလန်အသင်းတွင် အာဂျန်ရော်ဘင်ကဲ့သို့ တက်သစ်စ တောင်ပံကစားသမားမျိုးပါဝင်နေခြင်းမှာလည်း နယ်သာလန်အသင်းအတွက် အားသာချက်တစ်ရပ်သဖွယ် ဖြစ်နေသည်။ တစ်ကိုယ်တော် ထိုးဖောက်မှု၊ ဘောလုံးအထိန်းအသိမ်းနှင့် ဂိုးသွင်းစွမ်းရည်များကနယ်သာလန်တို့အောင်ပွဲအဆင့်ဆင့်ရရှိရန် ပံ့ပိုးထောက်ကူပေးမည်ဖြစ်သည်။ ရှေ့၊လယ်၊နောက် ညီညွတ်ပြီး စုစည်းမှု အားကောင်းသော နယ်သာလန်တို့ အုပ်စုမှ တက်ရန် သေချာနေပြီး အုပ်စုဗိုလ်အဖြစ် အာဂျင်တီးနားနှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။

ခြေစစ်ပွဲအောင်လာ

ယခုနှစ်မှ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ဝင်ရောက် ယှဉ်ပြိုင်ဖူးသော အသင်းမှာ အိုင်ဗရီကို့စ်ဖြစ်သည်။ ချယ်လ်ဆီးတိုက်စစ်မှူး ဒီဒီယာဒရော့ဘာဦးဆောင်သည့်အိုင်ဗရီကို့စ်အသင်းသည် ခြေစစ်ပွဲ၌ အာဖရိကနာမည်ကြီးကင်မရွန်းကို ဖြတ်ချခဲ့ပြီး အာဖရိကဇုန်အုပ်စု(၃)၌ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်လာခြင်းဖြစ်သည်။ အိုင်ဗရီကို့စ်အသင်း၌ ဒရော့ဘာအပြင် တိုနီ၊ မိုက်တီးနှင့် ဘာကာရီတို့ ခြေစွမ်းပြနိုင်သူများဖြစ်သော်လည်း လက်ရှိခြေစွမ်းဖြင့် အာဂျင်တီးနားနှင့် နယ်သာလန်တို့ကို မကျော်နိုင်ပါချေ။

ကြိုးစားအားထုတ်မှုကောင်းသော အိုင်ဗရီကို့စ်တို့ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အတွေ့အကြုံယူကာ အုပ်စုမှပင် နှုတ်ဆက်ထွက်ခွာရမည့် အနေအထားမျှသာရှိနေသည်။ ကမ္ဘာ့ဖလား၌ ခြေစွမ်းတန်းမဝင်သေးသည် ဖြစ်ရာ အုပ်စု(ဂ)၌ အိမ်ဖြည့်သဘောမျိုးသာ ရှိနေသည်။

ဥရောပဇုန်အုပ်စု(ဆ)၌ အုပ်စုပထမရပြီး ခြေစစ်ပွဲအောင်လာသော ဆားဘီးယားနှင့် မွန်တီနီဂရိုးတို့၏ အားသာချက်မှာ ခံစစ်ကြောင်း တောင့်တင်းခြင်းပင်ဖြစ်သည်။ ခြေစစ်ပွဲများ ကစားခဲ့သည့်ပွဲစဉ်များ အားလုံးတွင် တစ်ဂိုးသာအသွင်းခံခဲ့ရရာ ဥရောပ၌ ခံစစ်အကောင်းဆုံးအသင်းပင်ဖြစ်သည်။ ထို့အပြင် ယူရို ၂၀၀၄ ဝင်ခွင့်ဆုံးရှုံးပြီးနောက် နိုင်ငံတကာပြိုင်ပွဲများ၌ ယခုအချိန်အထိ တစ်ပွဲမျှ မရှုံးသေးသော အသင်းလည်းဖြစ်နေသည်။ နာမည်ကြီး စပိန်ကိုကျော်ဖြတ်ပြီး အုပ်စုပထမဖြင့် တိုက်ရိုက်ခြေစစ်ပွဲအောင်ခဲ့ခြင်းမှာလည်း အသင်း၏ ခြေစွမ်းကို ပြသရာရောက်နေသည်။ တိုက်စစ်၌ မာတီဂျာကတ်ဇ်မန်းကဲ့သို့ တိုက်စစ်မှူးများကလည်း ဂိုးသွင်းကောင်းမွန်ကြရာ အာဂျင်တီးနားနှင့် နယ်သာလန် အသင်းတို့အား အကျပ်အတည်းဖြစ်စေမည့် အသင်းပင်ဖြစ်သည်။ ဆားဘီးယားနှင့် မွန်တီနီဂရိုးအသင်း တိုက်စစ်မှူးများ ခြေစွမ်းပြဂိုးသွင်းနိုင်ခဲ့လျှင် အသင်းကြီးများ မျှော်မှန်းချက်ပျက်သွားနိုင်သည်။ သို့သော် သမ္မာနှင့်ဝါတွင် အာဂျင်တီးနားနှင့် နယ်သာလန်တို့ကို မယှဉ်နိုင်သည်ဖြစ်ရာ အုပ်စု(ဂ)၌ အာဂျင်တီးနားနှင့် နယ်သာလန်တို့သာ အုပ်စုမှတက်ရန် အနေအထားရှိပေသည်။ ။

(အင်တာနက်)

ရီကွယ်လ်မီး

၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အာဂျင်တီးနား အသင်းအတွက် အားထားရမည့် ကွင်းလယ်ကစားသမား ရီမန်ရီကွယ်လ်မီး။

(ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်အသင်း၌ ပြဿနာအချို့ရှိနေ ကွင်းလယ်ကစားသမား ဗီယာရာဝန်ခံ

ဘာလင် ဇွန် ၂

မိမိတို့အသင်းအနေဖြင့် ၂၀၀၆ ကမ္ဘာ့ဖလား၌ ဘရာဇီးအသင်းလောက် ဗိုလ်စွဲရန် ရေပန်းမစားသော်လည်း ဘောလုံးပွဲစဉ်တိုင်း အနိုင်ရရှိမည် ယုံကြည်နေကြောင်း ပြင်သစ်ကွင်းလယ်ကစားသမား ပက်ထရစ်ဗီယာရာက ပြောကြားလိုက်သည်။

မထင်မှတ်သောရလဒ်များ

မိမိတို့အသင်းတွင် ကမ္ဘာ့အဆင့်မီ ဘောလုံးသမားများ ရှိနေကြောင်း၊ စုစည်းမှုအားကောင်းနေကြောင်း၊ ယခုကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပြိုင်ဘက်အသင်းများအပေါ် မထင်မှတ်သောရလဒ်များဖြင့် ပြတ်ပြတ်သားသား အနိုင်ယူသွားမည်ဖြစ်ကြောင်း ပြင်သစ်အသင်းနှင့် လေ့ကျင့်ရေးပြုလုပ်နေစဉ် ဗီယာရာက ပြောကြားခြင်းဖြစ်သည်။

သို့သော် မိမိတို့အသင်း၌ လူနေရာချထားမှုနှင့် ပတ်သက်ပြီး ပြဿနာအချို့ရှိနေကြောင်း၊ လူငယ်ခြေတက်ဘောလုံးသမားများ ပထမဦးစားပေးလူစာရင်းတွင် ထည့်သွင်းခြင်းမရှိမှုကြောင့် မကျေလည်မှုအနည်းငယ်ရှိနေကြောင်း ဗီယာရာက ဝန်ခံပြောကြားသည်။

အောင်မြင်ရေးရှေးရှု

သို့ရာတွင် မကျေလည်သော ပြဿနာများကို ဖယ်ရှားပြီး ပြင်သစ်အသင်းအောင်မြင်ရေးကိုသာ ရှေးရှုသင့်ကြောင်းလည်း ဂျူဗင်းတပ်စ် ကွင်းလယ်ကစားသမားနှင့် ပြင်သစ်ကွင်းလယ်ကစားသမားဗီယာရာက ပြောကြားသည်။

ပြင်သစ်အသင်း၌ လူငယ်အားကစားသမားများကို နေရာပေးသင့်ကြောင်း၊ သို့သော် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးကိုလည်း အာရုံစိုက်သင့်ကြောင်း၊ ဖြေရှင်း၍ ရရှိမည်ဟုလည်း မိမိယုံကြည်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(ဗန်ကောက်ပို့စ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ်၊ မေလ ၁၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၄၁၇၇) တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဗိုလ်မှူးတင်အောင်အား ရည်စူး၍ ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ် ခေမာသီရိလမ်းသွယ်(၁) အမှတ် ၁၇/ကနေ ဒေါ်ခင်သန်းနှင့် သားသမီး မြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ် စံပြရပ်ကွက် စံပြ(၂)လမ်း အမှတ် ၈၀နေ ဒေါ်မြညွန့်၏နေအိမ်၌ ဖယောင်းတိုင်မီးထွန်းထားရာမှ ယမန်နေ့ည ၉နာရီ၄၅မိနစ်တွင် မီးလောင်ကျွမ်းရာအိမ်တစ်လုံးဆုံးရှုံးပြီး ဒေါ်မြညွန့်၏ မိခင်အသက် ၈၀ရှိ ဒေါ်ထွေးစိန်မှာ မီးခိုးမွန်း၍သေဆုံးသွားသည်။ မီးလောင်မှုကြောင့် တန်ဖိုးငွေကျပ်၂၃၀၀၀၀ဆုံးရှုံးသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး ဗဟိုမီးသတ် သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ပြည်နယ်၊တိုင်း ဦးစီးဌာနမှူးများက မိမိတို့ သင်တန်းကျောင်းနှင့် ပြည်နယ်တိုင်းအလိုက် ဆောင်ရွက်ချက်များ ရှေ့ဆက်လက်၍ ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအပေါ် လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အားနည်းချက် အားသာချက်များ၊ အခက်အခဲများကို တင်ပြဆွေးနွေးရာ ဆွေးနွေးတင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က တင်ပြချက် တစ်ခုချင်းအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အင်ဒိုနီးရှားငလျင် နောက်ဆုံးအခြေအနေ သေဆုံးသူ ၆၂၃၄ဦးရှိပြီ

ဂျကာတာ ဇွန် ၂

အင်ဒိုနီးရှားငလျင်ကြောင့် ပျက်စီးခဲ့ရသော အလယ်ပိုင်း ဂျာဗားပြည်နယ်တွင် သေဆုံးသူအရေအတွက်သည် မြင့်တက်လာခဲ့ပြီး သေဆုံးသူ ၆၂၃၄ဦးအထိ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရှာဖွေတွေ့ရှိခဲ့ကြောင်း လူမှုရေးရာဝန်ကြီးဌာန၏ ဇွန် ၁ရက် အစီရင်ခံစာ၌ဖော်ပြထားသည်။

စားနပ်ရိက္ခာနှင့် သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသောဒေသများရှိ တိုးပွားလာသော လူနာများအတွက် အင်ဒိုနီးရှားအစိုးရနှင့် အကူအညီပေးရေးအေဂျင်စီများသည် ထောက်ပံ့ရေးပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများပေးပို့ရန်ကြိုးစားလုပ်ဆောင်နေခဲ့ရသည်။ ဆေးဝါးကုသမှုလိုအပ်နေသော လူနာများသည် ၄၆၁၄၈အထိ မြင့်တက် သွားခဲ့သည်။

ယင်းငလျင်လှုပ်ခတ်မှုကြောင့် အိမ်ခြေ ၁၃၅၀၀၀ကျော် ပျက်စီးခဲ့ရပြီး လူ၆၄၇၀၀၀ခန့်ကို ပြောင်းရွှေ့ပေးခဲ့ရကာ ရှေးဟောင်းအဆောက်အအုံများနှင့်ဟိုတယ်များလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

၂၀၀၄ခုနှစ် ဆူနာမီသဘာဝဘေးကျရောက်ပြီးနောက်ပိုင်း ယခုငလျင်သည် အဆိုးရွားဆုံးဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

(အင်တာနက်)

အင်ဒိုနီးရှားငလျင်ကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမည်ပြောင်း
အဖဦးနန်းနွယ်၏သား ဟသ်ာတမြို့ (အလက-၃၊ Grade-2)မှ မောင်ကြည်မင်းခိုင်အား မောင်စိုးမင်းခန့်ဟု ခေါ်ပါရန်။

အမည်ပြောင်း
အဖဦးကျော်မြင့်-အမိဒေါ်ခင်လှစိုး၏သား အထက ဒါးက၊ ကန်ကြီးထောင့်မြို့နယ် စတုတ္ထတန်းမှ မောင်ရဲမင်းထက်အား မောင်အောင်ချစ်ပိုဟုပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ချစ်ပို။**

အချက်ဦး
ဆေးဝါးနားလည်မှု အခြေခံသင်တန်း
(သင်တန်းသစ်စပြီ) ဖုန်း-၀၉-၉၉-၂၂၃၇၂၊ အမှတ် ၁၈/ လေးလွှာ၊ လှည်းတန်းလမ်းမ၊ ကမာရွတ်၊ ရန်ကုန်။
လက်တွေ့လုပ်ကိုင်နေသော ဆရာဝန်ကြီးများကသာ အစအဆုံး သင်ကြားပေးသည်။

ဖခင်အမည်မှန်
ရန်ကုန်စီးပွားရေးတက္ကသိုလ် (ဘောဂဗေဒ)မဟာတန်း ပထမ/ ၂၀၀၀ပြည့်မှ မသီတာဝင်းနှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စတုတ္ထနှစ်မှ မောင်ဖေယျာလင်း တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းရွှေ ဖြစ်ပါသည်။

Yes!! Speaking Listening 6, 10 June
Grammar, Phonetics
Pre-inter, Intermediate

အမည်ပြောင်း
အဖ ဦးခင်လှိုင်၏ သား အထက(၅) ဗိုလ်တထောင် ဆဋ္ဌမတန်း(D)မှ မောင်ရဲမင်းနိုင်အား မောင်ရဲမင်းလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ရဲမင်းလှိုင်။

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
Ph-256871

အရှင်သုဇာတ
Tape | VCD

မျှော်လင့်ချက်

the BIG show in BAG
LIVE AT MCC HALL, 3.6.2006 (SAT)
MCC
SHOW TIME - 4:00pm to 7:00pm

CORONA
MODEL
RTA
09-5129924

TV, VCD, DVD

LCCI June 3

ထိန်လင်း အသားကင်ဆိုင်မှ
သန့်ရှင်းလတ်ဆတ် ထူးထူးခြားခြား အရသာ အကင်မျိုးစုံ၊ တရုတ်အစားအစာမျိုးစုံ၊ အအေးမျိုးစုံများနှင့် သဘာဝအလှအပများကို ခံစားလျက် စိတ်ကြည်နူးချမ်းသာ၍ ဈေးနှုန်းချိုသာစွာ စားသုံးနိုင်ရန် ဖွင့်လှစ်လိုက်ပါသည်။

အမှတ် ၂၉၊ ပါရမီလမ်း ချော်တွင်းကုန်းမီးပွိုင့်နှင့် အေဒီမီးပွိုင့်ကြားတွင် ဖွင့်လှစ်ထားပါသည်။
(ခြံဝင်းကျယ်ကျယ်နှင့် ကားပါကင်ရှိပါသည်။) ဆိုင်ဖွင့်ချိန် နံနက် ၁၀နာရီမှ ည ၁၁နာရီအထိ
☎ - 722865

ရောင်နီဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် မဂ္ဂဇင်း၊ ဂျာနယ် စာအုပ်များ ငှားရမ်းမည်

ကျောက်မဲ မေ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့ အမှတ်(၉)ရပ်ကွက်တွင် ရောင်နီဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်ကို တပ်ကုန်းဆရာတော်၊ ဖြူးဆရာတော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်ဆိုင်းဘုတ်ကို တိလင်ပရိယတ္တိကျောင်း ဆရာတော်နှင့် ငထရော်ဆရာတော်တို့က ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ရောင်နီဦးစာကြည့်တိုက်ကို တိလင်ပရိယတ္တိကျောင်း ဆရာတော်က အမြင့်၂၅ပေ၊ အကျယ်ပေ ၂၀၊ အုတ်ရိုး၉လက်မထုဖြင့် ကာလတန်ဖိုး သိန်း ၆၀ ကျော် အကုန်အကျခံကာ တည်ဆောက်ထားခြင်းဖြစ်ပြီး စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် တန်ဖိုးငွေကျပ် သုံးသိန်းကျော်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ် စာအုပ် ၂၀၀၀ ကျော်ကို အဆိုပါစာကြည့်တိုက်တွင်ထားရှိပြီး ပြည်သူများအတွက် စာဖတ်ခန်းဖွင့်လှစ်ခြင်း၊ ဖတ်ရှုရန် စာအုပ်များငှားရမ်းခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့တွင်းလမ်းများ ပလက်ဖောင်းပြုပြင်ခြင်းလုပ်ငန်းကို ဧပြီ ၂၃ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမောင် မောင်ညွှန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးခိုင်ထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

ကောလင်း မေ ၁၂

ကောလင်းမြို့နယ် ကျောက်ကာ ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်တွင်နှစ်စဉ်ကျင်းပမြဲဖြစ်သော တတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို မေ ၃ ရက်မှ ၇ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပရာ ကျောင်းတိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသနှင့် ဘဒ္ဒန္တ ဣန္ဒာသီရိ၊ ဘဒ္ဒန္တ ဣန္ဒာဝံသ အမှူးပြုသော ပင့်သံဃာ တော် ၃၅ ပါးတို့က မဟာပဋ္ဌာန်းဒေသနာတော်မြတ်ကို နေ့ည အသံမစဲ ရွတ်ဖတ်ပူဇော်ကြသည်။ **(၀၂၆)**

သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူ

တောင်တွင်းကြီး မေ ၁၉

တောင်တွင်းကြီးမြို့သံဃာတော် အရှင်သူမြတ်များနှင့် သီလရှင်များအား သံဃဒါနဆွမ်းဆန်တော် လောင်းလှူပူဇော်ပွဲကို မေ ၁၁ ရက် မွန်းလွဲ ၂ နာရီက ဇေယျမင်္ဂလာရွှေအင်း တောင်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ကျင်းပရာ တောင်တွင်းကြီးမြို့နယ်မှ အလှူရှင်များက ကြည်ညိုစွာဖြင့် ဆွမ်းဆန်စိမ်း လောင်းလှူ ပူဇော်ကြသည်။ **(၁၈၉)**

အထက်မင်းလှ၌ ကျောင်းအပ်နှံရေး ပိုစတာစိုက်ထူ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ရှင်းလင်း

အထက်မင်းလှ မေ ၂၆

၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်နှစ် ကျောင်းသားများ ကျောင်းအပ်နှံရေးအတွက် ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းနေရေး၊ မိဘပြည်သူ ဝိုင်းကူပေးလှုံ့ဆော်ရေး ဆိုင်းဘုတ်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို မေ ၂၃ရက် နံနက် ၇နာရီက မကွေးတိုင်း အထက်မင်းလှမြို့ မူကြိုကျောင်းအနီး မြေပြင်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အထက်မင်းလှ အထက ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်က ကျောင်းအပ်နှံရေး ဆိုင်းဘုတ်ပိုစတာစိုက်ထူရခြင်းနှင့် အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးလှစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းငွေးရီနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူးဒေါ်မွှေးမွှေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအတွင်းရေးမှူးဦးအောင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပညာရေးမိသားစုများ တက်ရောက်ကြသည်။ **(၀၇၆)**

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ဝမ်းတွင်း၌ကျင်းပ အကြိုအခြေခံမီးသတ်သင်တန်း ဆုရသူများ ဂုဏ်ပြုချီးမြှင့်

ဝမ်းတွင်း မေ ၁၅

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက ဝမ်းတွင်းမြို့နယ်မီးသတ်တပ်ဖွဲ့စခန်းရှေ့၌ကျင်းပရာ မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များမှတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူးဦးမြင့်ဦးနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နွေဦးအားမာန်အကြို အခြေခံမီးသတ်သင်တန်းတွင် ဆုရရှိသူများ၊ နည်းပြများအား တာဝန်ရှိသူများကဂုဏ်ပြုဆုနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်၍ စေတနာရှင်ပြည်သူများက အလှူငွေများပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။ ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည် သရုပ်ပြသကြသည်။

(မြို့နယ် ပြန်/ဆက်)

စိုက်ပျိုးရေးဆိုင်ရာ သတ်မှတ်ကေပြည့်မီရေး အကောင်အထည်ဖော်

မတ္တရာ မေ ၁၆

ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မွန်သည် မေ ၇ ရက် ညနေ ၃ နာရီခွဲက မတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိရာ မြို့နယ်အတွင်းရေးမှူးက မြို့နယ်၏ စိုက်ပျိုးရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မွန်က စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းအလိုက် သတ်မှတ်ကေပြည့်မီရေး တာဝန်ထမ်းဆောင်ရာတွင် စနစ်တကျလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လဆန်း(၉)ရက်
၄-၆-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ သုတစုံစွာသိမှတ်စရာ (ကျားထက်ဆိုးတဲ့ယင်ကောင်- သိပ္ပံမှူးတင်)

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (လက်ဖက်အခြေခံ အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများအကြောင်း)

၁၁း၃၀ မေတို့တွက်တာလှကမ္ဘာ (နေပူပူ မိုးရွာရွာ အမြဲဆောင်ကာ ထားရမှာ)

၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အသည်းစကား
(၂) ကျိန်စာချင်ကျိန်ပါ့မယ်
(၃) မျက်ရွှဲဒါလီ

၁၂း၀၀ ကလေးများအတွက်ပုံပြင် (ဂရုဓမ္မစောင့်ထိန်းကြ)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (စီးတဲ့ရေ ဆည်တဲ့ကန်သင်း)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာနှင့် မိုးသံယောဇဉ်-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇း၀၀ တေးသံစုံ (အလင်္ကာကျော်စွာ စောင်းဦးဘသန်း၊ စန္ဒရားစစ်ကိုင်းလှရွှေနှင့် စိန်စတင်းတို့၏ တေးသံစုံ)

၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ညောင်ရမ်းစာ- မင်းလဲ့ရီ)

၁၇း၃၀ တေးရေးသူအကြိုက် (ရွှေမြိုင်မောင်မောင်)

၁၈း၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း

၁၉း၁၅ အသံလွှင့်ဇာတ်လမ်း (သီချင်းလေးများနှင့် အတူ)

၂၀း၃၀ အင်္ဂလိပ်စကားပြော သင်ခန်းစာ English Lesson Working Knowledge

၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) စိမ်းလဲ့ညို
(၂) အီကွေတာအသည်းနှင့် အမြစိမ်းသစ်ပင်မလေး
(၃) မီးအိမ်ဆန်းနှင့် လာမယ့်လမ်း

ဖောင်းပြင်မြို့၌ အမှုဆောင်များ စီမံခန့်ခွဲမှုသင်တန်းဖွင့်

ဖောင်းပြင် မေ ၂၅

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ကျေးရွာအုပ်စု အမှုဆောင်များ စီမံခန့်ခွဲမှုအမှတ်စဉ် (၈/၂၀၀၆) သင်တန်းဖွင့်ပွဲကို မေ ၁၈ ရက်က အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရည်ရွယ်ချက်ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကျော်ရှင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်အောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းစည်းမျဉ်းစည်းကမ်းများကို မြို့နယ်အလုပ်အမှုဆောင် ဒေါက်တာခင်ဦးက ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စုပေါင်းစိုက်ပျိုး

အမှတ် (၆) သကြားစက်ရေတာရှည် မြန်မာ့ကြံလုပ်ငန်း (၁၂)နှစ်မြောက် အထိမ်းအမှတ် ခြံစည်းရိုးကြက်ဆူပင် ၁၀၀၀၀ စိုက်ပျိုးပွဲကို မေ ၂၅ ရက်က သကြားစက်ပိုင် မြေကွက်တွင် ကျင်းပရာ စက်ရုံဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်း စိုက်ပျိုးကြစဉ်။ (က-ပ)

အောင်ပန်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ သာသနအား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အောင်ပန်း ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မပါလ နှင့် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဣန္ဒ က တို့က ရမည်းသင်းခရိုင် ပြည်သူ့ ဆေးရုံကြီးတွင် အသုံးပြုရန် ငွေကျပ် ၂၁၃၀၀၀၀တန် အောက်စီဂျင်စက်ကို မေ ၂၃ ရက်က ကလေး အထူးကု ဆရာဝန် ဒေါက်တာအောင်မြလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ခြံစည်းရိုးကြက်ဆူပင်သံတွဲ၌စုပေါင်းစိုက်ပျိုး

သံတွဲ မေ ၃၀

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို မေ ၂၀ရက် နံနက် ၈နာရီက သံတွဲမြို့နယ် ပဒဲကောကျေးရွာ ခြံစည်းရိုးကြက်ဆူပင် ၁၀ ဧက စိုက်ခင်း၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားသို့ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး လှတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ခင်နှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က ဦးဆောင်၍ ခြံစည်းရိုးကြက်ဆူပျိုးပင် တစ်သောင်းနှစ်ထောင်ကို လူအင်အားငါးရာဖြင့် စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

လွှဲပြောင်းပေးအပ်

အဆိုပါခြံစည်းရိုးကြက်ဆူပင် ၁၀ ဧက စိုက်ခင်းကို ပဒဲကောကျေးရွာပိုင် စိုက်ခင်းအဖြစ် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က ပဒဲကောကျေးရွာအုပ်စု ဥက္ကဋ္ဌသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးစပါးသီးနှံစုံ အပြည့်အဝစိုက်ပျိုးရေး ညှိနှိုင်း ပန်းတိုင်အထွက်နှုန်းတိုးရေး ရှင်းလင်း

ပင်းတယ မေ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါး သီးနှံစုံ အပြည့်အဝစိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၉ ရက် နံနက် ၁၀နာရီက မြို့နယ် ဇော်ဂျီဦးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းအောင်က အမှာစကား ပြောကြားပြီး ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးစိန်လင်းက မိုးစပါးသီးနှံစုံ စိုက်ပျိုးရေး၊ခြံစည်းရိုးကြက်ဆူ အပြည့်အဝစိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးချိုနိုင်ထွန်းနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးလှဝေတို့က စိုက်ပျိုးဧကပြည့်မီနိုင်ရေး၊ စပါးမျိုးကောင်း မျိုးသန့်များ ပန်းတိုင်အထွက်နှုန်းတိုးနိုင်ရေးနှင့် ခြံစည်းရိုးကြက်ဆူ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သားငါးဆိုင်များ ယင်လုံဆန်ကာသုံးစွဲရေးနှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျရှိရေးတို့ကို မေ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးတိုးအောင်လွင်တို့ဦးဆောင်၍ ကွင်းဆင်းကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

ပျဉ်းမနားမြို့ ကရုဏာ နာမကူညီရေးအသင်းသို့ မေ ၂၆ရက်က ရွှေချီရပ် အုတ္တံတားလမ်းနေ ဒေါ်မြသွင်၊ သမီး ဒေါ်ခင်ညို မိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ကရုဏာ နာမကူညီရေးအသင်းဥက္ကဋ္ဌ ဦးလှမြင့်နှင့် အမှုဆောင်များက လက်ခံစဉ်။ (၁၀၁)

စပါးနှင့်ခြံစည်းရိုးကြက်ဆူပင်များ ဧကပြည့်မီစွာစိုက်ပျိုးရေးညှိနှိုင်း

ကျောက်တော် မေ ၂၄

စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံရွှေသည် ၂၀၀၆–၂၀၀၇ခုနှစ် ကျောက်တော်မြို့နယ်အတွင်း မိုးစပါးဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေးနှင့် ခြံစည်းရိုးကြက်ဆူပင်များ သတ်မှတ်ဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေး ညှိနှိုင်း အစည်းအဝေးကို မေ ၁၂ရက် နံနက် ၉နာရီက ကျောက်တော်မြို့ အထက သဇင်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံရွှေက ၂၀၀၆–၂၀၀၇ခုနှစ်တွင် လယ်ယာမြေရိုင်းများဖော်ထုတ်ရေး၊ မိုးစပါးဧကအပြည့်အဝစိုက်ပျိုးရေး၊ တစ်မိုးနှစ်သီး စိုက်ပျိုးနိုင်ရေးနှင့် ခြံစည်းရိုးကြက်ဆူပင် သတ်မှတ်ဧက ပြည့်မီရေးတို့အတွက် အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးထူးကျော်က မြို့နယ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကျော်စိန်က စပါးအထွက်နှုန်း ကောင်းမွန်စွာ ရရှိရန်အတွက် နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးနိုင်ရေးနှင့် စပါးတစ်မိုးနှစ်သီးစိုက်ပျိုးနိုင်ရေးအတွက် စိုက်စနစ်မှန်ကန်နည်း၊ ဓာတ်မြေသြဇာသုံးစွဲနည်းစနစ်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်း သွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်–

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်–

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။

(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။

(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ကျောင်းကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့တံဆိပ်နှင့် အဆိုပြုလွှာစုပေါင်းပေးအပ်

ကျောင်းကုန်း မေ ၂၆

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က အမျိုးသမီးရေးရာအဖွဲ့တံဆိပ်နှင့် အဆိုပြုလွှာစုပေါင်းပေးအပ်ပွဲအခမ်းအနားကို မေ၁၅ရက် နံနက် ၁၀နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာအုပ်စုများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပြုလွှာပေးအပ်

ထို့နောက် ရပ်ကွက်နှင့် ကျေးရွာ ၆၈ အုပ်စု အမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် အဖွဲ့ဝင်အဆိုပြုလွှာ ၁၀၅၅၀ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းက ရပ်ကွက်နှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများအား ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၂၆၅)

ပလတ်စတစ်ပုလင်းများဝယ်ယူလိုခြင်း

စဉ်	ပစ္စည်းအမျိုးအစား	ရေတွက်ပုံ	လိုအပ်ချက်	ပေးသွင်းရမည့်နေရာ	မှတ်ချက်
၁။	1 oz Plastic Bottle Screw Neck with Caps Complete	လုံး	၃၀၀၀၀၀၀	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ	
၂။	2 oz Plastic Bottle Screw Neck with Caps Complete	လုံး	၂၀၀၀၀၀၀	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ	
၃။	3 oz Plastic Bottle Screw Neck°with caps Complete	လုံး	၁၀၀၀၀၀၀	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ	
၄။	100mL Pet Bottle Amber Colour Screw Cap with Safety Ring Pilfer Proof Temper Evident Type L.D.P.E Plastic	လုံး	၃၀၀၀၀၀၀	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ	
၅။	500 mL Pet Bottle Amber Colour Screw Cap with Safety Ring Pilfer Proof Temper Evident Type L.D.P.E Plastic	လုံး	၂၀၀၀၀၀	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ	

တင်ဒါပိတ်ရက် – ၇-၆-၂၀၀၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၁၄:၀၀) နာရီ

မှတ်ချက် – အသေးစိတ်အကြောင်းအရာများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပစ္စည်းစီမံရေးဌာနတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်-၆၆၃၄၈၁)

စက်ရုံမှူး၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။



အမည်ပြောင်း

မကွေးမြို့ အထက(၁) ဒုတိယတန်းမှအဖဦးသန်းလွင်၏သားမောင်ထူးမြတ်အောင်အား မောင်ထက်လင်းအောင် ဟုပြောင်းလဲခေါ်ပါရန်။

မောင်ထက်လင်းအောင်။

ကျေးဇူးဆပ်ပါမည်

ကျွန်မမာလာအောင် ၁၂/ဥကတ(နိုင်)၁၃၉၉၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။

ဖုန်း–၂၉၀၅၄၆။

ရောင်းမည်

တောင်ဒဂုံ၊ စက်မှုဇုန်(၂) R.C (၂)ထပ် ပေ၆၀x ၁၃၅ပေ၊ မီတာသုံးလုံး၊ အဝီစိရေကောင်း၊ လမ်းမကြီးထောင့်ကွက်။ ဖုန်း– ၀၉ ၅၁ ၃၃၇၆၃။





သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးထွန်းကြည် အမျိုးသားမှတ်ပုံတင်အမှတ် ISN–၀၆၆၈၆၅၊ ဒေါ်ယဉ်မြိုင်မှတ်ပုံတင် အမှတ် TKI–၀၀၆၂၉၃ တို့၏သမီးဖြစ်သူ မခင်ဥမ္မာထွန်း စိစစ်ရေးကတ် ၁၂/လမန(နိုင်) ၀၀၈၃၄၈သည် မိဘများခွင့်မလွှတ်နိုင်သောလုပ်ရပ်ကိုပြုလုပ်သွားပါ၍ အမွေစားအမွေခံ သမီးအဖြစ်မှရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူနိုင်ကြောင်း အသိပေးအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးထွန်းကြည်–ဒေါ်ယဉ်မြိုင်။

အများသိစေရန် သတိပေးကြေညာချက်

ဒေါ်သီရိအောင်(ဘ)ဦးအောင်ခိုင်မြင့် ၁၂/ရကန(နိုင်)၀၆၀၃၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာလိုက်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ကမာရွတ်မြို့နယ် ရန်ကုန်–အင်းစိန်လမ်း (အရှေ့ဘက်ခြမ်း) အဆင့်မြင့်အိမ်ရာစီမံကိန်း၊ အဆင့်(၃)မြကန်သာအိမ်ရာ တိုက်အမှတ်(၅) အခန်းအမှတ်(၂၂)သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီရိအောင် အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိနေထိုင် အကျိုးခံစားလျက်ရှိသော တိုက်ခန်းဖြစ်ပါသည်။

မော်တော်ယာဉ်အမှတ်(ဗ/၈၃၀၅) ဟွန်ဒါစီဗစ်သည် ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်ထားသော မော်တော်ယာဉ် ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စီးပွားရေးလုပ်ငန်းများနှင့် ငွေကြေးကိစ္စများတွင် မိမိကိုယ်စား ဆောင်ရွက်ရန် လွှဲအပ်ထားခြင်းမရှိပါ။ ထိုသို့ ကိုယ်စားဆောင်ရွက်ရန် လွှဲအပ်ထားခြင်းမရှိဘဲ မိမိသဘောအလျောက် ဆောင်ရွက်သည့်ကိစ္စအရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက တာဝန်ယူဖြေရှင်းပေးမည် မဟုတ်သည့်အပြင် ကျွန်ုပ်မိတ်ဆွေ၏ ပိုင်ရေး ဆိုင်ခွင့်များကို တစ်နည်းနည်းဖြင့် ထိပါးနှောင့်ယှက်လာပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ခင်စောဝင်း တရားရုံးချုပ်ရှေ့နေ(၇၀၆၀)
တိုက်(၂၇၄) အခန်း(၁၅) ရန်ကင်းမြို့နယ်။ ဖုန်း– ၇၂၀၁၉၃။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ပုဇွန်တောင်မြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါအဆိုပါတိုက်ခန်းအား ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

စဉ်	တိုက်ခန်းအမည်ပေါက် အမည်မှတ်ပုံတင်အမှတ်	လျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးထူးအောင် ၁၂/စခန(နိုင်)၀၅၃၀၃၉	ဦးခိုင်နူလ်အာဘေဒင် ၁၂/ပဘတ(နိုင်)၀၁၉၅၄၅	အမှတ်၂၀၊ အခန်း(°E-1၊E-2) (၅၄)လမ်း၊ ပုဇွန်တောင်၊
၂။	ဦးထူးအောင် ၁၂/စခန(နိုင်)၀၅၃၀၃၉	ဒေါ်နော်ဖဲလယ် ၁၄/သပန(နိုင်)၀၀၀၆၇၈	အမှတ် ၂၀၊အခန်း(F-1၊D-2) ၅၄ လမ်း၊ ပုဇွန်တောင်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ်–၀၂/မမ/ပြည်တွင်း/သုတ်ဆေး/ (CME)06-07

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1	သုတ်ဆေးရောင်စုံ	1-Lot
2	Coalter Pitch Black	1-Lot
3	Varnish, Thinner	1-Lot
4	Plastic Putty, Masking Tape, Brush	1-Lot

ချိပ်ပိတ်တင်ဒါ ပိတ်ရက်နှင့်အချိန်– ၂၀-၆-၂၀၀၆ (၁၂:၀၀)နာရီ (အင်္ဂါနေ့)

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၅-၆-၂၀၀၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့် (၅၁) လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၉၁၉၈၅ (၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၁၃)။

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ ၂၆ရက်က မိဘများဖြစ်ကြသော ဦးပစ်စင်–ဒေါ်ဖွားကြွယ်နှင့် ဒေါ်ငွေရင်၊ ဒေါ်သင်းမေ၊ အစ်မ ဒေါ်သိန်းမြင့်တို့အား ရည်စူး၍ သား ဦးငွေထွန်း–ဒေါ်နှင်းသစ်၊ သမီး မသဇင်ထွန်း(ရန်ကုန်)နေ မိသားစုက ငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံရယူစဉ်။ (၁၆၈)

နှစ်ဖက်သောမိဘများနှင့် ခင်ပွန်း ဦးစိန်လှနှင့် ညီမ ဒေါ်ကျင်လှိုင်တို့အားရည်စူး၍ ထောက်ကြန့်မြို့ ဈေးရပ်ကွက် သဇင်လမ်း အမှတ် ၆၅ နေ ဒေါ်ကျင်ရွှေနှင့် သားသမီးမြေးတစ်စုတို့က အခမဲ့နာရေးကူညီမှုအသင်း(ထောက်ကြန့်)ဖြစ်မြောက်ရေးကော်မတီသို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးထွန်းမြင့်က လက်ခံယူစဉ်။ (က–ပ)

မုဒုံမြို့ ကျွန်းရွာလမ်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ကိုယ့်အားကိုယ်ကိုး ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် အုတ်ရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို မေ ၂၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စင်ကာပူနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော H.E. Mr. Chua Hian Kong Robert သည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး၊ အင်တာနက် သတင်းနှင့် ဓာတ်ပုံ အညွှန်း

❑ **တိုင်းပြည်ကိုချစ်ရင် ကိုယ့်ရင်သွေးလေးတွေ၊ နောင်လာနောက်သားတွေ ရေခဲနှင်းဆောင်း နေနိုင်ဖို့အတွက် အာဏာကို ငမ်းငမ်းတက် လိုချင်တဲ့ မာန်စွယ်တွေကို ချလိုက်ဖို့လို ပါသည်။**

ဘတိုး၏ တောင်ကြား ကုလားတက်၊ မိန်းမပျက်နှင့် စက်ပျက်နာရီ ဘီဘီစီ ဆောင်းပါး (စာ-၁၀)

အမွှန်မြတ်ဆုံးသော ဒါနပါရမီ ဖြည့်ဆည်းလိုသူများ မျက်စိလှူဒါန်းမှုဖြင့် အကောင်းဆုံးပါရမီဖြည့်ဆည်းနိုင်။

သတင်းမြင်ကွင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း) (စာ-၆)

အသုံးမပြုသည့် ရထားလမ်းဟောင်းများ၊ စွန့်ပစ်တာယာများကို အသုံးပြု၍ ကားလမ်းခင်း။ အင်တာနက်သတင်းနှင့် ဓာတ်ပုံ (စာ-၆)